# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၅၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့။


အရိယ သစ္စာန ဒဿနံ
တေံမင်္ဂလ မုတ္တမံ

သစ္စာလေးပါးကို သိမြင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# နိုင်ငံရေးစေတနာမှန်ဖြင့်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ လျင်မြန်စွာအကောင်အထည်ပေါ်လာ

**နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

**မိဘပြည်သူများခင်ဗျား-**

ယနေ့ကျရောက်သည့်(၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် မိဘပြည်သူများထံသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။ "ငြိမ်းချမ်းရေးသည် လူသားအားလုံးရရှိခံစားသင့်သည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်" ဟူ၍ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ကြေညာချက်တွင် ဖော်ပြခဲ့သည့် သုံးဆယ့်နှစ်နှစ်ပြည့်မြောက်သည်ကို ရည်စူး၍ ယနေ့အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပကြခြင်းဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်လျက်ရှိနေသော အဖြစ်အပျက်များနှင့် သာဓကများက ငြိမ်းချမ်းရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်အတွက် မည်မျှအရေးကြီးသည်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း တွေ့မြင်ကြရပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပေါ်ပေါက်ခဲ့သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်းမရှိခဲ့သည့်အတွက် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရာ ပြည်ထောင်စုအတွင်းရှိ ဒေသများစွာမှ ပြည်သူများသည် ယနေ့တိုင် ငြိမ်းချမ်းရေးအနှစ်သာရကို ပြည့်ဝစွာခံစားရရှိခြင်းမရှိသည်ကို သိရှိကြပြီးဖြစ်ပါသည်။ ယင်းကိစ္စသည် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာ ဒေသများမှ ပြည်သူများကိုသာမက နိုင်ငံတွင်းရှိ ပြည်သူတစ်ဦးချင်းစီ၏ ဘဝများကိုပါ ရိုက်ခတ်လျက်ရှိသည်ကိုလည်း သိရှိကြပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုသည် *စာမျက်နှာ ၃ ကော်လံ ၁* ❋

■ အားလုံး၏စိတ်ကောင်းစေတနာရှိမှု၊ ငြိမ်းချမ်းရေးရလိုစိတ်ပြင်းပြမှုနှင့် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းမှ ကြိုးပမ်းတည်ဆောက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် အောင်မြင်စွာ အကောင်အထည်ပေါ်လာလိမ့်မည်. . . ■



# ရေကြောင်းကုန်သွယ်မှုနှင့် ဆိပ်ကမ်းလုပ်ငန်းသုံး တွန်း/ ဆွဲရေယာဉ်နှင့်ရေယာဉ်ငယ်များလွှဲပြောင်း

**ရန်ကုန်  စက်တင်ဘာ  ၂၀**

ရေကြောင်းကုန်သွယ်မှုက တစ်နှစ်ထက်တစ်နှစ် တိုးတက်ကြီးထွားလာသည်။ မြန်မာ့ဆိပ်ကမ်းများ၏ အရေးပါမှုကလည်း အဓိကကျလာသည်။ ရေကြောင်းကုန်သွယ်မှုကို အထောက်အကူပြုစေမည့်အပြင် ဆိပ်ကမ်းဖွံ့ဖြိုးရေးများ ဆောင်ရွက်ရန် ၂၉ မီတာ ပင်လယ်သွား တွန်း/ဆွဲ ရေယာဉ်တစ်စင်းနှင့် ဆိပ်ကမ်းလုပ်ငန်းသုံး ရေယာဉ် ငယ်နှစ်စင်းအပြင် အမှိုက်သိမ်းရေယာဉ်ငယ်နှစ်စင်းတို့ကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သို့ လွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်း၌ စက်တင်ဘာ ၂၀ ရက် နံနက်က ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းသည် သင်္ဘောများ ဝင်၊ထွက် သွားလာမှု များပြားလျက်ရှိရာ ၁၀ နှစ်အတွင်း နှစ်ဆခန့်တိုးတက်လာခဲ့သည်။ ထိုသို့ တိုးတက်များပြားလာသော သင်္ဘောများ ဆိပ်ကမ်းအတွင်း အန္တရာယ်ကင်းစွာ ဝင်ရောက်ထွက်ခွာနိုင်ရေးနှင့် ဆိပ်ခံတံတားများသို့ ဆိုက်ကပ်၊ ထွက်ခွာနိုင်ရေးအတွက် အထောက်အကူပြုရန် ယခု ရေယာဉ်များဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

**သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

၂၉ မီတာရှိသည့် ပင်လယ်သွား တွန်း/ဆွဲရေယာဉ်သည် အင်ဂျင်ပါဝါ ၁၆၀၀ ရှိသော Yanmar အင်ဂျင်နှစ်လုံး စုစုပေါင်း အင်ဂျင်ပါဝါ ၃၂၀၀ ရှိရာ တွန်း/ဆွဲ နိုင်သည့် အင်အားမှာ ၃၅ တန်ရှိသဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်၊ထွက်ခုတ်မောင်းနေသော သင်္ဘောကြီးများကို နိုင်နင်းစွာကိုင်တွယ်ထိန်းသိမ်းဆိုက်ကပ်နိုင်စေမည်ဖြစ်သည်။

တစ်ဖန် ဆိပ်ကမ်းလုပ်ငန်းသုံးရေယာဉ်ငယ်နှစ်စင်းမှာ အလျား ၁၂ ဒသမ ၅ မီတာ၊ အနံ ၄ ဒသမ ၅ မီတာ၊ ဇောက် ၂ မီတာရှိပြီး ရေယာဉ်သွားနှုန်း ၈ ဒသမ ၅ မိုင် ခုတ်မောင်းနိုင်သည်။ ထို့အပြင် GPS ၊ Echo sounder စသည့် ကိရိယာများ တပ်ဆင်ထားသဖြင့် ဆိပ်ကမ်းဧရိယာအတွင်း ရေကြောင်းပြ ကြိုးခြင်း၊ ပို့ခြင်းလုပ်ငန်း *စာမျက်နှာ ၉ ကော်လံ ၆* ❂

# ပျောက်ဆုံးတောင်တက်သမားနှစ်ဦး၏ သဲလွန်စများတွေ့ရှိပြီး ရှာဖွေမှုပိုမိုအရှိန်မြှင့်

**ပန်နန်းဒင် စက်တင်ဘာ ၂၀**

ပျောက်ဆုံးနေသော တောင်တက် သမားနှစ်ဦးအား ရှာဖွေရန် ဝေဟင်ကယ်ဆယ်ရေး လုပ်ငန်းများကို ယနေ့နံနက် ၆ နာရီခွဲတွင် စတင်ခဲ့ပြီး B-3 ရဟတ်ယာဉ်အား အမြင့်ပေ ၂၃၀၀၀ ကျော်အထိ ပျံသန်းရှာဖွေခဲ့ကြောင်း သိရသည်။

အဆိုပါ ရှာဖွေမှုတွင် အမေရိကန်နှင့် နီပေါမှ ကယ်ဆယ်ရေး တောင်တက်သမားများနှင့် လေယာဉ်မောင်းများ ပါဝင်ခဲ့ကြကြောင်း သိရသည်။

ထို့အပြင် မြေပြင်တောင်တက်

**ခင်ရတနာ - ရေးသားသည်**

ခရီးကြမ်းအား နမားဂျွန်ဆင် ဦးဆောင်သည့် မြန်မာတောင်တက်သမားများဖြစ်သော ရဲမင်းသူ၊ စိုင်းကျော်ဝဏ္ဏစိုးနှင့် စိုင်းကျော်သူထွေးတို့မှာ ပင်ပန်းဆင်းရဲဒဏ်ကို ခံစားကာ ပျောက်ဆုံးနေသော ဘဝတူ တောင်တက်သမားနှစ်ဦးကို ရှာဖွေလျက်ရှိပြီး ရှာဖွေရေးခရီးစဉ် ဒုတိယပိုင်းသို့ ရောက်ရှိပြီဖြစ်ပြီး တောင်တက်သမားနှစ်ဦး အပြန်လမ်းအတွက် ထားရှိခဲ့သော ရိက္ခာများကို *စာမျက်နှာ ၇ ကော်လံ ၁* ❖



တောင်တက်သမားနှစ်ဦးအား စက်တင်ဘာ ၂၀ ရက်က ဝေဟင်ရှာဖွေရေး ဆောင်ရွက်စဉ်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းမှုအတွေးတစ်ခု

မည်သည့်ဒေသ၊ မည်သည့်နိုင်ငံမဆို လူတစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ ဒေသတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ချစ်ကြည်စွာအတူယှဉ်တွဲနေထိုင်ကြခြင်းဖြင့် ငြိမ်းချမ်းခြင်း၊တည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးခြင်း၊ သာယာဝပြောခြင်းတည်းဟူသော အကြောင်းတရားများကို ဖြစ်ထွန်းစေနိုင်ပါသည်။ ဤကမ္ဘာကြီး၌ ဘာသာ၊ လူမျိုး၊ အယူဝါဒအမျိုးမျိုးကွဲပြားခြားနားနေလင့်ကစား အတူတကွချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်ကြမည်ဆိုလျှင် တည်ငြိမ်အေးချမ်းမှုကို အမှန်ပင်ရရှိနိုင်မည်ဖြစ်ပါသည်။

ယမန်နေ့က တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့၌ကျင်းပသော အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုလိုက်ရသည်။ ကျွန်ုပ်တို့နေထိုင်ရာ အာရှတိုက်သည် ကမ္ဘာ့တိုက်ကြီးများတွင် အကြီးဆုံးတိုက်ဖြစ်သည့်အလျောက် လူမျိုးစုံ၊ ဘာသာစုံ၊ အယူဝါဒမျိုးစုံလှသော တိုက်ကြီးဖြစ်ပါသည်။ သို့အတွက် ဤအာရှအားကစားပြိုင်ပွဲသို့တက်ရောက်လာသော လူမျိုးတို့မှာလည်း အရောင်အသွေးစုံလင်လှသည်။ အချို့က ဖြူဖြူ၊ အချို့က ညိုညို၊ အချို့သည်ကား မဖြူမညို အလယ်အလတ်၊ အချို့က ခပ်မြင့်မြင့်၊ အချို့က မနိမ့်မမြင့်၊ အသားအရောင်မှာလည်းစုံ၊ အရွယ်စုံလည်းဖြစ်သည်။ အာရှတိုက်အလယ်ပိုင်း ဥဇဘက်ကစ္စတန်၊ တပ်(ခ်)မင်နစ္စတန်တို့လိုနိုင်ငံများမှ အားကစားသမားများလည်း ပါဝင်သည့်အလျောက် ထောင်ထောင်မောင်းမောင်းအားကစားသမားများကိုလည်းတွေ့ရသည်။

ဤသို့ လူမျိုးများစုံလင်လှသည်သာမက ခရစ်ယာန်၊ အစ္စလာမ်၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူအစရှိသဖြင့် ယုံကြည်ကိုးကွယ်ရာ ဘာသာအယူဝါဒမှာလည်း မျိုးစုံလှသည်။ နိုင်ငံနှင့်လူမျိုးတို့၏ ရိုးရာဓလေ့ကိုဖော်ညွှန်းသည့် အမျိုးသားဝတ်စုံများဝတ်ဆင်လျက် ဖွင့်ပွဲအခမ်းအနားသို့ မြိုင်မြိုင်ဆိုင်ဆိုင် တက်ရောက်လာကြသည်။

မည်သို့ပင် ကွဲပြားခြားနားမှုများရှိစေကာမူ တူညီသောပုံရိပ်တစ်ခုမှာ ပြုံးပျော်ရွှင်မြူးကြည်နူးနေသည့် မျက်နှာအမူအရာအသွင်သဏ္ဌာန်ပင်ဖြစ်သည်။ ဤသို့ ပြုံးပျော်ရွှင်မြူးနေသော မျက်နှာများသည် ငြိမ်းချမ်းရေးသင်္ကေတကို ဖော်ထုတ်ပြသနေခြင်းပင်ဖြစ်ပါသည်။ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်မှုကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ပါသည်။ ဒေသအရသော်လည်းကောင်း၊ လူမျိုးအရသော်လည်းကောင်း၊ အယူဝါဒအရသော်လည်းကောင်း မတူကွဲပြားမှု အမျိုးမျိုးအဖုံဖုံရှိလင့်ကစား ငြိမ်းချမ်းစွာပျော်ရွှင်လိုသော ဆန္ဒမှာ အတူတူပင်ဖြစ်ပါသည်။

ယနေ့ မျက်မှောက်ခေတ်ကြီးသည်ကား လူသားတို့၏ ဆင်ခြင်တုံတရားနှင့် အသိဉာဏ်မြင့်မားလာမှုကြောင့် မည်သို့ပင် ကွဲပြားခြားနားမှုများရှိစေကာမူ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ အတူတကွ ငြိမ်းချမ်းစွာနေထိုင်ခြင်းတို့ဖြင့် ငြိမ်းချမ်းသာယာဝပြောသော လူမှုအသိုက်အဝန်းကို တည်ဆောက်နေကြပြီဖြစ်သည်။ သို့ပါ၍ မည်သည့်အလုပ်၊ မည်သည့်အမှုကိစ္စတို့ကို ဆောင်ရွက်လုပ်ကိုင်ကြသည်ဖြစ်စေ ရှုထောင့်တစ်ခုတည်းမှ မကြည့်ဘဲ ရှုထောင့်ပေါင်းစုံမှ လွှမ်းခြုံကြည့်ကာ စုပေါင်းလုပ်ကိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းစွာအတူတကွနေထိုင်ခြင်းတို့ဖြင့် သာယာဝပြောသော လူမှုအသိုက်အဝန်းကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## အစိုးရသစ်တာဝန်ယူသည့် သုံးနှစ်ကျော်ကာလအတွင်း နိုင်ငံခြားကုမ္ပဏီများတိုးပွားလာ

**နေပြည်တော် စက်တင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် တရုတ်နိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် (၁၁)ကြိမ်မြောက် "China -ASEANExpo" တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်နေစဉ် ကာလအတွင်း နန်နင်းဟိုတယ်၌ စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲကကျင်းပသည့် ပထမအကြိမ် China -ASEAN Industry and Commerce Forum သို့ တက်ရောက် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံသားကုမ္ပဏီများ တည်ထောင်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ပြုပြင်ပြောင်းလဲမှုများ ၊ အစိုးရသစ်တာဝန်ယူသည့် သုံးနှစ်ကျော်ကာလအတွင်း နိုင်ငံခြားကုမ္ပဏီများ တိုးပွားလာမှု၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတန်ဖိုး သိသိသာသာတိုးတက်လာမှုများရှိကြောင်း၊ တိုးတက်မှုများ ဖော်ဆောင်နိုင်မှုသည် စဉ်ဆက်မပြတ်လုပ်ဆောင်နေသည့် ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲမှုများကြောင့်သာ ဖြစ်ကြောင်း။

ယနေ့ခေတ် Globalization တွင် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိစေရန် နိုင်ငံတိုင်းကြိုးစားနေသလို China-ASEAN အတွင်းရှိ နိုင်ငံတိုင်းအတွက် ရှင်းလင်းလွယ်ကူပြီး နိုင်ငံတကာနှင့်ကိုက်ညီသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများတစ်ပြေးညီ ပြုလုပ်ခြင်းဖြင့် China -ASEAN အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ China-ASEAN အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများ Win -Win ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဖိုရမ်သို့ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအာဏာပိုင်ဥက္ကဋ္ဌ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ တရုတ်နိုင်ငံ China-ASEAN Industry and Commerce ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများတက်ရောက်၍ စာတမ်းပေါင်း ၁၉ စောင် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းပြီး ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးဆောင်ရွက်

**သံတွဲ စက်တင်ဘာ ၂၀**

လျှပ်စစ်ဓာတ်အားသုံးစွဲသူများ ဓာတ်အား အပြည့်အဝရရှိစေရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး နှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိရာ သံတွဲခရိုင် မအီမြို့ပေါ်ရပ်ကွက် ၊ ကျေး ရွာများတွင် လျှပ်စစ်မီးပြတ်တောက်မှု လျော့နည်းစေရေး၊ ဗို့အားအပြည့် အဝရရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးတို့အတွက် ဟောင်းနွမ်းနေသည့် ဓာတ်ကြိုးများကို ဦးစားပေးလဲလှယ်ခြင်း၊ ဓာတ်ကြိုးနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်ကြိုးထိန်းများ တပ်ဆင်ခြင်းလုပ်ငန်းများနှင့် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ အသိပညာရရှိစေရေးအတွက် နံရံကပ်ပိုစတာများနှင့်အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများထံဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးသူရအောင်ဘို၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးဝင်းလှိုင်က လျှပ်စစ်ဝန်ထမ်းများ မတော်တဆထိခိုက်မှုများမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ သည်။ **(ခရိုင် ပြန်/ဆက်)**



ဗိုလ်စိန်မှန်သီတဂူလူငယ်အဖွဲ့က ဦးဆောင်လှူဒါန်းလျက်ရှိသော (၆)ကြိမ်မြောက် ဝါတွင်းအင်္ဂါနေ့အရုဏ်ဆွမ်းလောင်းလှူခြင်းကိုရန်ကုန် တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်းတွင် အပတ်စဉ်လှူဒါန်းလျက်ရှိပြီး စက်တင်ဘာ ၁၆ ရက်က ကျောင်းတိုက်ပေါင်း ၃၁ ကျောင်းမှ သံဃာပေါင်း ၅၃၉ ပါးအတွက် ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူစဉ်။

ခင်ရတနာ



## လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြော

**အထက်မင်းလှ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်မြောက်ရပ်ကွက် ရှစ်မျက်နှာ ဘုရားဓမ္မာရုံ၌ စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီက မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယရဲမှူးဝင်းတင်က ကလေးသူငယ်လူရွယ်များ လူကုန်ကူးမခံရရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်းသိရသည်။ **ကိုသက် (အထက်မင်းလှ)**



## ပြည်တွင်းသတင်း

**❊ ရှေ့ဖုံးမှ**

နိုင်ငံသားတစ်ဦးချင်းစီအတွက်အလွန်အရေးပါသော ဖြစ်စဉ်ကြီးတစ်ရပ်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့အစိုးရ တာဝန်ယူချိန်မှစတင်၍ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကိစ္စကို အထူးအလေးထားလျက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အထက်၌ ဖော်ပြထားသကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် "ငြိမ်းချမ်းရေး" ကိစ္စအား အစိုးရချည်းသာမဟုတ်ဘဲ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးတို့နှင့် လက်တွဲဆောင်ရွက်ကြရပါသည်။ ဝမ်းမြောက်အားတက်ဖွယ်ကောင်းသည့်ကိစ္စမှာ ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်များအားလုံးသည် ငြိမ်းချမ်းရေးအတွက် ဆန္ဒပြင်းပြစွာရှိနေကြပြီး နိုင်ငံရေးစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် လျင်မြန်စွာ အကောင်အထည်ပေါ်လာလျက်ရှိပါသည်။ မကြာမီတွင် ကျွန်ုပ်တို့အားလုံး အတူတကွ ကြိုးပမ်းမှုဖြင့် ပေါ်ပေါက်လာသော ရလဒ်များကိုအခြေခံ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်များရေးဆွဲခြင်းနှင့် ကျယ်ပြန့်သည့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခြင်း စသည့် အဆင့်များသို့ အဆင့်ဆင့် တက်လှမ်းကြမည်ဖြစ်ရာ ပြည်သူတစ်ဦးချင်းစီအနေဖြင့် မိမိတို့တတ်စွမ်းသည့်အနေအထားမှ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်လာပြီဖြစ်ပါသည်။

လက်ရှိအခြေအနေအထိ ရရှိထားသော ငြိမ်းချမ်းရေးဖြစ်ထွန်းမှုများကြောင့်ပင်လျှင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစပြုလာသော နေရာဒေသများမှ ပြည်သူများသည် ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးကို စတင်ခံစားရရှိလာကြပြီဖြစ်ပါသည်။ ဤဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်အောင် ကျွန်ုပ်တို့အားလုံး ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အားလုံး၏စိတ်ကောင်းစေတနာရှိမှု၊ ငြိမ်းချမ်းရေးရလိုစိတ်ပြင်းပြမှုနှင့် အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းမှ ကြိုးပမ်းတည်ဆောက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် အောင်မြင်စွာ အကောင်အထည်ပေါ်လာလိမ့်မည်ဟု ယုံကြည်မိပါသည်။ ဤနေရာတွင် ကျွန်ုပ်အနေနှင့် "စစ်ပွဲများကို ပေါ်ပေါက်စေခဲ့သည့် လူသားများ၏ စိတ်နှလုံးသားများထဲမှာပင် စစ်ပွဲများကို ဟန့်တားနိုင်သောချစ်ခြင်းမေတ္တာနှင့်ကိုယ်ချင်းစာတရားများကို ပြုစုပျိုးထောင်သွားကြရမည်" ဟူသည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ အဆိုအမိန့်ကို အလေးဂရုပြုဖော်ပြလိုပါသည်။

ထို့ကြောင့် စင်စစ်တွင် ငြိမ်းချမ်းရေးသည် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းခြင်းထက် ပိုမိုကျယ်ပြန့်သည့်ကိစ္စပင်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း၌ မတူကွဲပြားသော ကြန်အင်လက္ခဏာများ၊ အတွေးအခေါ်များနှင့် အယူဝါဒများကို အပြန်အလှန်နားလည်လက်ခံပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သော သဟဇာတဖြစ်မှုမျိုးသည်သာလျှင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။ ဤသည်ကြောင့်ပင်လျှင် ငြိမ်းချမ်းရေးသည် လူတစ်ဦးချင်း တစ်ယောက်ချင်းအတွက် လွန်စွာအရေးကြီးသည့်ကိစ္စဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ အခွင့်ကောင်းအခါကောင်းများနှင့် တိုက်ဆိုင်နေသည့်အချိန်တွင် ငြိမ်းချမ်းရေးသည် လူသားများ၏ ရပိုင်ခွင့်ဖြစ်သည်ဟူသော စဉ်းစားတွေးခေါ်မှုမျိုးဖြင့် အခြားသော လူ့အခွင့်အရေးများနှင့် တန်းတူရရှိစေရန် ကျွန်ုပ်တို့အားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုများအရ ပေါ်ပေါက်လာသော ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုက်ရပေသည်။

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ တတိယအကြိမ်(၂၀၁၃-၂၀၁၄)ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံစာရေးဆရာအသင်း၏ တတိယအကြိမ် (၂၀၁၃-၂၀၁၄) ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင် ( လယ်တွင်းသားစောချစ်) နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်စာရေးဆရာအသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးကျော်ဝင်း (မနုသကျော်ဝင်း) က ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် စပ်လျဉ်း ၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးတို့အား ဂုဏ်ပြုဆုများကို သက်ဆိုင်ရာ မြို့နယ်များမှ တစ်ဆင့် ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ပညာရည်ချွန်ဆုရရှိကြသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်လှိုင်းထက်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပြန်လည်ပေးအပ်**

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေး ဆရာအသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံစာရေးဆရာအသင်း၏ တတိယအကြိမ် (၂၀၁၃-၂၀၁၄)ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

# ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုကြိုဆို စာစီစာကုံးနှင့်ကဗျာပြိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အခြေခံပညာ ကျောင်းပေါင်းစုံ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အလက(ခွဲ) ကျောက်ချက်ကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို ဇေယျာသီရိမြို့နယ် ပညာရေးမှူး ဦးစိန်လွင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းငွေနှင့်ဒုတိယဦးစီးမှူး(ကာယ)ဦးကျော်ကျော်ထက်တို့က ကြီးကြပ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုသွေးလှူ

**ရန်ကုန် စက်တင်ဘာ ၂၀**

အောက်တိုဘာ ၁ ရက်နေ့၌ ကျရောက်မည့် နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နယ် အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမျိုးသားသွေးဌာန ရန်ကုန်တွင် ကျင်းပခဲ့ရာ **(အပေါ်ပုံ)** အမျိုးသားသွေးဌာန ဆေးရုံအုပ်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ၁၂၉ ဦး၊ မိသားစုဝင် ၂၉ ဦးအပါအဝင် စုစုပေါင်း ၁၆၃ ဦး တက်ရောက်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး တင်ဦးက သွေးလှူဒါန်းရခြင်းအကြောင်းရင်းအား ရှင်းလင်းပြောကြားခဲ့ပြီး ဆေးရုံအုပ်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်က ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းတင်ထားရှိကြောင်း သိရသည်။ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ သွေးလှူဒါန်းနေမှုကို တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးတင်ဦးနှင့် တပ်ဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသူများကို နို့၊ ကြက်ဥ၊ ငှက်ပျောသီးနှင့် အာဟာရများကျွေးမွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းဆေးရုံကြီးမှ ဒေါက်တာသိဂီလွင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးအဖွဲ့ဝင် ၅၁ ဦးတို့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူ ၇၂၁ ဦးတို့ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သားဖွားမီးယပ်၊ အရိုးအကြောနှင့် အထွေထွေရောဂါများ စမ်းသပ် စစ်ဆေးခြင်း၊ ဆေးဝါးများ ပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ခွဲစိတ်ကုသရန် လိုအပ်သော လူနာ ၆၃ ဦးတို့ကို ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့ သွားရောက်ပြသကုသနိုင်ရေး စီစဉ်ပေးခဲ့သည်။ **(သတင်းစဉ်)**



နိုင်ငံတကာသတင်း

# ထွက်ပြေးလာသော ဆီးရီးယားဒုက္ခသည်များအား တူရကီဘက်မှ ဝင်ရောက်ခိုလှုံခွင့်ပေးလိုက်ပြီ



**ဒမက်စကတ် စက်တင်ဘာ ၂၀**

တူရကီက ၎င်း၏ တောင်ပိုင်းနယ်စပ်ရှိ ထောင်ပေါင်းများစွာသော ဆီးရီးယားကာဒ်တို့အား အိုင်အက်စ်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာစဉ် နယ်စပ်ဝင်ပေါက်ကို ဖွင့်ပေးလိုက်သည်။

အကြမ်းဖက်သမားများက ဆီးရီးယားနိုင်ငံ ကာဒ်ဒေသ၌ ကျေးရွာဒါဇင်ပေါင်းများစွာကို သိမ်းပိုက်ခဲ့ပြီးနောက် အဆိုပါနယ်စပ်သို့ ချဉ်းကပ်လာခဲ့သည်။

အမျိုးသမီးနှင့် ကလေးအများဆုံးပါဝင်သော အဆိုပါ ဒုက္ခသည်များသည် တူရကီတောင်ပိုင်း ဒစ်မိတက်စ်ကျေးရွာ အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့သည်။ အဆိုပါ ဆီးရီးယားဒုက္ခသည် ၄၀၀၀ တို့အတွက် ခိုလှုံစရာနေရာများ ပြုလုပ်ထားပြီဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်က အဇာဘိုင်ဂျန်၌ သတင်းထောက်များအား ပြောသည်။

အဆိုပါ ဆီးရီးယားကာဒ်တို့သည် အိုင်အက်စ်နှင့် ကာဒ်တိုက်ခိုက်ရေးသမားများ ကာဒ်မြို့ ကိုဘိန်း၌ တိုက်ပွဲများဖြစ်ပွားစဉ် ထွက်ပြေးလာခြင်းဖြစ်သည်။

ဆီးရီးယားပဋိပက္ခ သုံးနှစ်ကျော်အတွင်း တူရကီ၌ ဆီးရီးယားဒုက္ခသည် တစ်သန်းခွဲခန့် ရောက်ရှိနေသည်။

တူရကီ၊ ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့သည် ဒေသတွင်း၌ အကြမ်းဖက်သမား အုပ်စုများကို ထောက်ပံ့ပေးနေသည်ဟု ဒမတ်စကတ်က ပြောသည်။

**(ပရက်စ်တီဗွီ)**

# အာရှဖွံ့ဖြိုးရေးဘဏ်က ဗီယက်နမ်ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇ ဘီလီယံထောက်ပံ့မည်

**ဟနွိုင်း စက်တင်ဘာ ၂၀**

အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က ၂၀၁၅-၂၀၁၇ ကာလအတွက် ဗီယက်နမ်နိုင်ငံကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇ ဘီလီယံ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါသတင်းကို အေဒီဘီဥက္ကဋ္ဌနှင့် ဗီယက်နမ် နိုင်ငံတော်ဘဏ်ဥက္ကဋ္ဌတို့၏ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သည့် အစည်းအဝေး၌ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ဗီယက်နမ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ ၂၀၁၅ ခုနှစ်အတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံရရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ် နိုင်ငံတော်ဘဏ်၏ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။ ယင်းအစည်းအဝေး၌ ဗီယက်နမ်နိုင်ငံတော်ဘဏ်ဥက္ကဋ္ဌနှင့် အေဒီဘီဥက္ကဋ္ဌတို့သည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)ဥက္ကဋ္ဌသည် ဟန္နိုင်းမြို့၌ သောကြာနေ့က ကျင်းပသည့် ငါးကြိမ်မြောက်အာရှဖွံ့ဖြိုးရေးဖိုရမ်သို့ တက်ရောက်ရန် ဗီယက်နမ်သို့ သုံးရက်ကြာ အလည်အပတ်ရောက်ရှိနေခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# ဒေါ်လာတု ခုနစ်သန်းကျော်နှင့်အတူ ထိုင်းနိုင်ငံသားသုံးဦး ကမ္ဘောဒီးယားရဲ ဖမ်းဆီးထိန်းသိမ်း

**ဖနောင်ပင် စက်တင်ဘာ ၂၀**

ကမ္ဘောဒီးယားရဲအဖွဲ့က ထိုင်းနယ်စပ် ဘတ်တမ်ဘန်းပြည်နယ်အနောက်မြောက်ပိုင်း ဖနောင်ဖရက်ခရိုင်၌ ထိုင်းနိုင်ငံသား သုံးဦးကို အမေရိကန်ဒေါ်လာအတု ၇ ဒသမ ၁၆ သန်းနှင့်အတူ ဖမ်းဆီးလိုက်သည်။

"ဒီသံသယရှိတဲ့သူ သုံးဦးဟာ သေတ္တာသုံးလုံးထဲမှာ ဒီငွေတုတွေထည့်ပြီး လှည့်လည်သွားလာနေစဉ် ဖမ်းဆီးလိုက်တာပါ" ဟု ဖနောင်ဖရက်ခရိုင်ရဲမင်းကြီး ဆောင်ဆိုဖိခ်က ဆင်ဟွာသို့ ဖုန်းဆက်ပြောသည်။ "ဒီငွေတွေက ထိုင်းဘက်က တင်သွင်းလာတာပါ" ဟုလည်း ၎င်းက ထပ်လောင်းပြောဆိုသည်။

အဆိုပါ ဒေါ်လာတုအားလုံးသည် ကျောဘက်တွင် အစိမ်းရောင်ရှိပြီး ၁၀၀ တန်များဖြစ်ကြောင်း ၎င်းကပြောသည်။ ကမ္ဘောဒီးယားဥပဒေအရ ငွေကြေးအတု ကိုင်ဆောင်သူများသည် ထောင်ငါးနှစ်မှ ၁၀ နှစ်အထိကျနိုင်သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ဂိုလန်ကုန်းမြင့်ဒေသမှ ရုပ်သိမ်း

**မနီလာ စက်တင်ဘာ ၂၀**

ဖိလစ်ပိုင်အစိုးရက ၎င်းတို့၏ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို ဂိုလန်ကုန်းမြင့်ဒေသမှ အောက်တိုဘာလ တာဝန်ထမ်းဆောင်ခြင်း မပြီးမီ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ရုပ်သိမ်းရခြင်းမှာ လုံခြုံရေးအခြေအနေ ဆိုးရွားလာ၍ဖြစ်ကြောင်း စစ်ဘက် တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။ ဖိလစ်ပိုင် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၃၀၀ ခန့်သည် သောကြာနေ့က ပြန်လည် ရောက်ရှိလာခဲ့ကြောင်း ဖိလစ်ပိုင် လက်နက်ကိုင်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဘမွန်ဇာဂါလာက ပြောသည်။

အဆိုပါ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များသည် ဂိုလန်ကုန်းမြင့်ဒေသ၌ ဆီးရီးယားဘက်ခြမ်းမှ အစ္စရေးဘက်ခြမ်းသို့ ပြောင်းရွှေ့ကာ စခန်းပြောင်း ဖွင့်လှစ်သွားရန် ဆုံးဖြတ်လိုက်သည်။

ဖိလစ်ပိုင်အစိုးရက လက်ရှိတပ်ဖွဲ့ဝင်များ ဂိုလန်ကုန်းမြင့်ဒေသ၌ အောက်တိုဘာလတွင် တာဝန်ပြီးဆုံးမည်ဖြစ်ရာ တပ်ဖွဲ့ဝင်များ ထပ်မံမလွှတ်တော့ကြောင်း ပြောကြားသည်။ ဆီးရီးယားသူပုန်များက ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ဖမ်းဆီးရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဝိုင်းရံပိတ်ဆို့ခဲ့သည်။

အဆိုပါ ဖိလစ်ပိုင် တပ်ဖွဲ့ဝင်များသည် သူပုန်များနှင့် တိုက်ပွဲဖြစ်ပွားပြီး လွတ်မြောက်အောင် ကြိုးပမ်းခဲ့ရသည်။

**(ဆင်ဟွာ)**



# ကောင်စစ်ဝန်ရုံးမှ ပြန်ပေးဆွဲခံရသူ တူရကီနိုင်ငံသားများ အိုင်အက်စ်စစ်သွေးကြွများက ပြန်လွှတ်ပေးခဲ့

**မိုဆူးလ် စက်တင်ဘာ ၂၀**

ဇွန်လက အီရတ်နိုင်ငံ မိုဆူးလ်မြို့ မြောက်ပိုင်း၌ အိုင်အက်စ်တို့ ပြန်ပေးဆွဲသွားသော တူရကီနိုင်ငံသား ဒါဇင်အချို့ကို တူရကီဘက်သို့ ပြန်လွှတ်ပေးလိုက်သည်။

အဆိုပါပြန်ပေးဆွဲခံရသူ ၄၆ ဦးကို တူရကီထောက်လှမ်းရေးအေဂျင်စီရှိရာ ဆန်လူဖာမြို့တောင်ပိုင်းသို့ လွှဲပြောင်းပေးလိုက်ကြောင်း ဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလုက ပြောသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်မသိရသေးဟု ဆိုသည်။ သို့သော်လည်း အဆိုပါအသေးစိတ်သည် လျှို့ဝှက်ချက်ဖြစ်ကြောင်း သမ္မတ ရေးဆက်တေရစ်တာဒိုဂန်က ပြောသည်။

ပြန်ပေးဆွဲခံရသူများသည် ဇွန်လက အိုင်အက်စ်စစ်သွေးကြွများ မိုဆူးလ်မြို့ကို သိမ်းပြီးနောက် တူရကီ ကောင်စစ်ဝန်ရုံးမှ ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။

ယင်းတို့တွင် တူရကီတပ်ဖွဲ့ဝင်များနှင့် သံတမန်မိသားစုဝင်လည်းပါဝင်သည်ဟု ဆိုသည်။ တူရကီက အိုင်အက်စ်တို့အား စစ်ရေးအရ တိုက်ခိုက်ရာတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုကို ငြင်းဆိုထားသည်။ ပြန်ပေးဆွဲခံရသူများသည် အားလုံး ကျန်းမာရေးကောင်းလျက်ရှိပြီး စနေနေ့အစောပိုင်းက ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# တောင်ကိုရီးယားနှင့် အမေရိကန် ၁၀ ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်

**ဆိုးလ် စက်တင်ဘာ ၂၀**

တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် မြောက်ကိုရီးယားဘက်မှ ကန့်ကွက်နေသော်လည်း ၁၀ ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှု တစ်ရပ်ပြုလုပ်ခဲ့သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တောင်ကိုရီးယားနိုင်ငံ ဒေါင်ဒူချန်းရှိ အမေရိကန်စစ်အခြေစိုက်စခန်း၌ ကြာသပတေးနေ့က စတင်ခဲ့ခြင်းဖြစ်သည်။

ယင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၂၀၀ ကျော် ပါဝင်သည်ဟု ဆိုသည်။ ၁၀ ရက်ကြာလေကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားဘက်မှ ကျူးကျော်ရန်စမှုအား ကာကွယ်မှုကို မြှင့်တင်ပေးရန်အတွက်ဖြစ်သည်။

**(ပရက်စ်တီဗွီ)**

# ဂီနီ၌ အီဘိုလာတိုက်ဖျက်ရေးပြုလုပ်နေသည့် ကျန်းမာရေးအဖွဲ့ဝင် ရှစ်ဦးအသတ်ခံရ

**ဂီနီ စက်တင်ဘာ ၂၀**

ဂီနီ၌ အီဘိုလာတိုက်ဖျက်ရေးပြုလုပ်နေသည့် ကျန်းမာရေးအဖွဲ့ဝင် ရှစ်ဦးကို ရွာသားများက တုတ်များ၊ ဓားများအသုံးပြု၍ သတ်ပစ်ခဲ့ကြောင်း အရာရှိများက ပြောခဲ့သည်။

အချို့ကျန်းမာရေးဝန်ထမ်းများ၏အလောင်းများကို Nzerekore မြို့အနီး ကျေးရွာစာသင်ကျောင်းရှိ မိလ္လာကန်ထဲ၌ တွေ့ခဲ့ရသည်ဟု အရာရှိများနှင့် သတင်းထောက်များကပြောခဲ့သည်။ သတင်းထောက်များ ပြောကြားချက်အရ ရောဂါတိုက်ဖျက်ရေးကြိုးစားနေသည့် အရာရှိများ၏ လုပ်ဆောင်ချက်များကို ရွာသားအများစုက သံသယများဝင်နေကြကြောင်း သိရသည်။

အနောက်အာဖရိက၌ အီဘိုလာဖြစ်ပွားမှုကြောင့် လူပေါင်း ၂၆၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။ အီဘိုလာရောဂါဖြစ်ပွားမှုသည် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးဖြစ်ရာ လူ ၂၀၀၀၀ ကျော် ရောဂါကူးစက်မှုခံရနိုင်ကြောင်း အရာရှိများက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဆီယာရာလီယွန်နိုင်ငံအတွင်း၌ ရောဂါပျံ့နှံ့မှုရပ်တန့်ရန် ကြိုးစားမှုအနေဖြင့် သုံးရက်ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကျန်းမာရေးအဖွဲ့သည် အီဘိုလာမှတ်တမ်း ပထမဆုံး တွေ့ရသည့် ဂီနီတောင်ပိုင်းရှိ Wome ရွာသို့ရောက်ရှိခဲ့သည်။ ၎င်းနောက် ဒေသခံများက ကျောက်ခဲများနှင့် ပစ်ပေါက်ခဲ့ရာ ၎င်းအဖွဲ့မှာ ပျောက်ဆုံးသွားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့သည် အဆိုပါ ဒေသသို့ သွားရောက်ရန် စီမံခဲ့သော်လည်း ယင်းသို့သွားရာလမ်း၌ အဓိက တံတားပိတ်ဆို့မှုဖြစ်နေသည့်အတွက် မသွားရောက်နိုင်ခဲ့ပေ။

**(ဘီဘီစီ)**



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မျက်မှောက်ခေတ် မြန်မာနိုင်ငံအနေနှင့် ဒီမိုကရေစီစနစ် ကျင့်သုံးအကောင်အထည်ဖော်နေခြင်းကို ကမ္ဘာကသိရှိပြီးဖြစ်

## ၁၅-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ကျောင်းသားလူငယ်များက တင်ပြသည့်စာတမ်း

ကျွန်မကတော့ မိတ္ထီလာတက္ကသိုလ် ရူပဗေဒအထူးပြု မဟာသုတေသန သင်တန်းတက်ရောက်နေတဲ့ ကျောင်းသူ မသက်ဆုမွန်မွန်ဖြစ်ပါတယ်ရှင့်-

ကျွန်မဖတ်ကြားမည့်စာတမ်းက **"ဒီမိုကရေစီ အလေ့အကျင့်များနှင့် တက္ကသိုလ်"** ဖြစ်ပါတယ်။

ကျွန်မတို့အသက်အရွယ် ကျောင်းသား၊ ကျောင်းသူများဟာ ဒီမိုကရေစီခေတ်ကာလအတွင်းမှာ မွေးဖွားလာသူများ မဟုတ်တဲ့အတွက် ဒီမိုကရေစီယဉ်ကျေးမှုနဲ့ အလှမ်းကွာဝေးခဲ့ကြပါတယ်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းကို ကမ္ဘာကသိရှိပြီးဖြစ်ပါတယ်။ နိုင်ငံရဲ့ အာဏာသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို လက်တွေ့ခွဲဝေကျင့်သုံးနေတဲ့နိုင်ငံအဖြစ် ရပ်တည်နေပါတယ်။ ယနေ့ကျင်းပလျက်ရှိတဲ့ လွှတ်တော်များမှာ ဥပဒေပြဋ္ဌာန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်း၊ ထောက်ခံခြင်း၊ မှတ်တမ်းတင်ခြင်း စတဲ့ လုပ်ငန်းရပ်များကို ဝါဒစွဲ၊ လူမျိုးစွဲ၊ ပါတီစွဲ၊ ဘာသာစွဲကင်းကင်းနဲ့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ပြုလုပ်နေကြတာကို မီဒီယာများမှတစ်ဆင့် လေ့လာမိပါတယ်။ ဒီလိုလေ့လာခြင်းဖြင့် ဒီမိုကရေစီမှာ သဘောထားကြီးခြင်း၊ ဥပေက္ခာပြုနိုင်ခြင်း၊ လိုက်လျောမှုပြုနိုင်ခြင်း၊ စိတ်ရှည်သည်းခံနိုင်ခြင်း၊ ကိုယ်ကျိုးမကြည့် အများအကျိုးကြည့်နိုင်ခြင်း စတဲ့ ဒီမိုကရေစီစံနှုန်းများ ရှိနေကြောင်းကို မှတ်သားရပါတယ်။

ပညာရေးနဲ့ ပတ်သက်ပြီးတော့လည်း မြန်မာ့ပညာရေးကဏ္ဍမြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာနနဲ့ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး ဒီမိုကရေစီစံနှုန်းများနဲ့အညီ အမျိုးသားပညာရေး ဥပဒေကို ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ ယခုလက်ရှိအချိန်မှာလည်း အဆင့်မြင့်ပညာရေးဥပဒေကို အောင်မြင်စွာရေးဆွဲနိုင်ရန် ဒီမိုကရေစီစံနှုန်းများနဲ့အညီ အကောင်အထည်ဖော်နိုင်ဖို့ ပညာရေးကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များနဲ့ ဆရာ ဆရာမများ၊ ပညာရေးမြှင့်တင်မှု ကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနမှ အကြီးအကဲများ တိုင်ပင်ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ ယခုလို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းများဟာ အနာဂတ်ကာလများမှာ ကျွန်မတို့နဲ့ မျိုးဆက်သစ်များရဲ့ ဒီမိုကရေစီလူ့ဘောင်ဆီသို့ ချီတက်ကြရာမှာ အဆင်ပြေချောမောစေရန် လမ်းခင်းပေးနေခြင်းဖြစ်ပါတယ်။

အဆင့်မြင့်ပညာကဏ္ဍမှာလည်း ကျောင်းသား ကျောင်းသူများကို မိမိဆန္ဒအလျောက် လွတ်လပ်စွာထုတ်ဖော်တတ်ရန်၊ ယဉ်ကျေးစွာပြောဆိုတတ်ရန်၊ မိမိအလုပ် တာဝန်ယူတတ်ရန်၊ ဆရာနှင့်တပည့် အပြန်အလှန်ဆွေးနွေးမှု၊ လေးစားယုံကြည်မှု ညှိနှိုင်းမှုပြုလုပ်တတ်စေရန် စတဲ့ ဒီမိုကရေစီအလေ့အကျင့်များ လေ့ကျင့်ပေးလျက်ရှိပါတယ်။ ကျွန်မတို့ ပညာဆည်းပူးရာ မိတ္ထီလာတက္ကသိုလ်မှာ ပါမောက္ခချုပ်ဆရာကြီးက ဘာသာရပ်ပေါင်းစုံမှ ကျောင်းသားကိုယ်စားလှယ်များနဲ့ တစ်ပတ်တစ်ကြိမ် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများရဲ့လိုအပ်ချက်များ၊ဆန္ဒများကို လွတ်လပ်စွာထုတ်ဖော်စေ၍ အပြန်အလှန်ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားကိုယ်စားလှယ်များကို ကျောင်းသားထု၏ သဘောတူညီချက်ဖြင့်သာ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းသားကိုယ်စားလှယ်များကလည်း မိမိကိုယ်ကိုကောင်းမွန်ရန် ဦးစွာလေ့ကျင့်ရပါမယ်။ ထိုမှတစ်ဆင့် မိမိဘာသာရပ်ဌာနနဲ့ ကျောင်းသားထုတစ်ရပ်လုံး အဆင်ပြေကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ပြီး အမိတက္ကသိုလ်ကျောင်းတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မိမိကိုယ်ကိုမိမိ တာဝန်ယူနိုင်စွမ်းနဲ့ "ဘုံရည်မှန်းချက်" ဖြစ်တဲ့ ကျောင်းတော်ကြီးရဲ့ ဂုဏ်သိက္ခာမြင့်မားအောင် အကောင်အထည်ဖော်နိုင်ခြင်းဟာ ဒီမိုကရေစီရဲ့ အနှစ်သာရများဖြစ်ပါတယ်။

ထို့ပြင် နှစ်အတန်ကြာ အဆက်ပြတ်နေခဲ့တဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူများ တက္ကသိုလ်ပရဝဏ်အတွင်း ကျောင်းဆောင်နေထိုင်ရေးကိုလည်း ပြီးခဲ့တဲ့ ပညာသင်နှစ်မှစတင်ပြီး စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ ကျောင်းဆောင်မှာနေထိုင်ခြင်းဖြင့် အချင်းချင်း ရိုင်းပင်းကူညီခြင်း၊ အများနှင့် ညှိနှိုင်းနေထိုင်ဆောင်ရွက်တတ်ခြင်း၊ ခေါင်းဆောင်ကောင်းနဲ့ နောက်လိုက်ကောင်းတို့၏ စွမ်းရည်များအတွက် အလေ့အကျင့်များစတဲ့ ဒီမိုကရေစီအခြေခံကောင်းများကို ကျောင်းသား ကျောင်းသူများတစ်ပါတည်း ရရှိသွားမှာဖြစ်ပါတယ်။ ထို့ကြောင့် မိတ္ထီလာတက္ကသိုလ်ဟာ ဒီမိုကရေစီအနှစ်သာရကို ဖော်ဆောင်ပေးရာ လေ့ကျင့်ပေးရာ တက္ကသိုလ်တစ်ခုဖြစ်နေပါကြောင်း တင်ပြလိုပါတယ်။

နိုင်ငံတကာ အဆင့်မီတက္ကသိုလ်များပေါ် ထွန်းရေးနဲ့ အရည်အသွေးပြည့် ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် တချို့သောတက္ကသိုလ်များဟာ နိုင်ငံတကာအဆင့်မြင့်တက္ကသိုလ်များနဲ့ ချိတ်ဆက်ပြီး (MOU) (MOA) များ ရေးထိုးပြီး/ရေးထိုးလျက်ရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး၊ ပညာရေးလွတ်လပ်မှုများ (Academic Freedom)ရရှိနိုင်ရေးတို့ကို ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာနနဲ့ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက်ရှိကြောင်း သိရှိရပါတယ်။ ထို့ကြောင့်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

အဆင့်မြင့်ပညာရေးမှာ ကျွန်မတို့ကို သူ့ဘက်ကိုယ့်ဘက် ကြည့်တတ်အောင်၊ ဘက်ပေါင်းစုံမှတွေးခေါ်တတ်အောင်၊ ကြည့်မြင်တတ်အောင်၊ တည်ငြိမ်ရင့်ကျက်လာအောင် လောကအလယ်မှာ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အမြင်၊ ရပ်တည်နိုင်စွမ်းရှိလာအောင် လေ့ကျင့်ပေးနေခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူ လူငယ်ထုကလည်း မိမိရဲ့ကိုယ်စွမ်းကိုယ်စကို အကျိုးရှိရှိ မှန်ကန်စွာ အသုံးချတတ်ပြီး အတ္တကိုရှေ့တန်းမတင်ဘဲ အများအကျိုးရွက်သယ်ပိုးလိုစိတ်များထားရှိပြီး ဒီမိုကရေစီလူ့ဘောင်မှာ လူသားအချင်းချင်း ချစ်ခင်ခြင်း၊ ကြင်နာမြတ်နိုးခြင်း၊ ကရုဏာထားခြင်းဆိုတဲ့ ဒီမိုကရေစီစိတ်ဓာတ်များ မွေးမြူရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများဟာ ဒီမိုကရေစီအနှစ်သာရများ၊ ဒီမိုကရေစီစံနှုန်းများနဲ့ ဒီမိုကရေစီစိတ်ဓာတ်များဖြင့် အဆင့်မြင့်ပညာရေးကို ဆည်းပူးလေ့လာရင်း၊ အမိတက္ကသိုလ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း မြန်မာနိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကိုယ်စား ဝန်ခံကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

## နောင်ချို၌ ဘိန်းစိမ်း ၁ ဒသမ ၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၈ ရက်က အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုးမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် နမ္မတူမြို့မှ မိုးမိတ်မြို့သို့ ဗျာလူ မောင်းနှင်ပြီး မအက်စတာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၃ ကီလို သိမ်းဆည်းရမိသဖြင့် ဗျာလူ(၃၂ နှစ်)နှင့် မအက်စတာ (၂၆ နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မင်းတုန်းမြို့နယ်၌ ဆေးခြောက် ၃၅ ဒသမ ၉၂၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၈ ရက်က မင်းတုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်းတုန်းမြို့ အမှတ်(၂)ရပ်ကွက် မင်းတုန်းချောင်း လှေဆိပ်တွင် ကိုခိုင်မင်း မောင်းနှင်သည့် စက်လှေပေါ်တွင် လိုက်ပါလာသူ ခရီးသည် မောင်ထွေးနှင့် ဇနီး မသီတာလေးတို့၏ လက်ဆွဲခြင်းအတွင်းမှ ဆေးခြောက် ၃ ဒသမ ၆၇၄၂၅ ကီလို၊ ကျောပိုးအိတ်အတွင်းမှ ဆေးခြောက် ၁ ဒသမ ၂၂၄၇၅ ကီလိုနှင့် ၎င်းတို့နှစ်ဦးနေထိုင်သည့် မင်းတုန်းမြို့နယ် ပြောင်းကျေးရွာရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဆေးခြောက် ၃၁ ဒသမ ၀၂၇ ကီလို စုစုပေါင်း ဆေးခြောက်အလေးချိန် ၃၅ ဒသမ ၉၂၆ ကီလို သိမ်းဆည်းရမိသဖြင့် မောင်ထွေး(၃၅ နှစ်)နှင့် မသီတာလေး (၃၃ နှစ်)တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**(သတင်းစဉ်)**

## သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၇ ရက်က အမှတ်(၁၀၃)မူးယစ်တပ်ဖွဲ့စု နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး လမ်းပေါ်တွင် တောင်ကြီးဘက်မှ ဇော်မင်းထွန်း မောင်းနှင်ပြီး ဟန်မြင့်သူ လိုက်ပါလာသည့် ယာဉ်အမှတ် CC/9816 မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ သိမ်းဆည်းရမိသဖြင့် ဇော်မင်းထွန်း(၃၆ နှစ်)နှင့် ဟန်မြင့်သူ(၂၆ နှစ်) တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဇော်မင်းထွန်းနှင့် ဟန်မြင့်သူတို့နှစ်ဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**မူးယစ်ဆေးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဥပစာအသုံးများ-၅

မောင်ခင်မင်(ဓနုဖြူ)

"သမီးရေ ဒီနေ့တော့ ဥပစာအကြောင်း အဆုံးသတ်ကြရအောင်"

"ပြောစရာကျန်သေးတယ်ထင်တယ်နော် ဘဘ"

"အင်း. . ဘဘတို့ပြောခဲ့တဲ့ဥပစာတွေအားလုံးဟာ ပထမအကြောင်းအရာနဲ့ ဒုတိယအကြောင်းအရာတူတဲ့အတွက် တင်စားတဲ့ဥပစာတွေ မဟုတ်လားသမီး"

"ဟုတ်ပါတယ် ဘဘ၊ တစ်ခုခုတူလို့တင်စားတဲ့ ဥပစာတွေပါ"

"ပထမအကြောင်းအရာနဲ့ ဒုတိယအကြောင်းအရာက တူလို့မဟုတ်တဲ့ ဆက်စပ်မှုတစ်ခုခုရှိလို့ တင်စားတဲ့ဥပစာတွေလည်း ရှိသေးတယ်သမီးရဲ့"

"ဒါဆိုရင် တူလို့တင်စားတဲ့ဥပစာနဲ့ ဆက်စပ်လို့ တင်စားတဲ့ဥပစာဆိုပြီး နှစ်မျိုးရှိတာပေါ့နော် ဘဘ"

"ဟုတ်တယ်"

"ဆက်စပ်လို့တင်စားတဲ့ ဥပစာဆိုတာဘယ်လိုဟာမျိုးပါလဲ ဘဘ"

"ဘဘပြောပြပါ့မယ်။ ဘဘကသမီးကို'တော်တော်လျှာသွက်တဲ့ကလေးမပဲ' လို့ချီးမွမ်းရင် ဘာဆိုလိုတာလဲ"

"တော်တော်စကားသွက်တယ်လို့ ဆိုလိုတာမဟုတ်လား ဘဘ"

"အေး. . . ဟုတ်ပါတယ်။ စကားသွက်တာကို လျှာသွက်တယ်လို့ ပြောတာဟာ တင်စားတာပဲမဟုတ်လား။ အဲဒီလိုတင်စားနိုင်တာဟာ လျှာနဲ့စကားနဲ့ ဆက်စပ်မှုရှိလို့ပဲပေါ့"

"ဘယ်လို ဆက်စပ်မှုလဲ ဘဘ"

"လျှာကြောင့် စကားဖြစ်ရတာမို့ လျှာကအကြောင်း၊ စကားကအကျိုးလို့ ဆိုရမှာပေါ့။ ဒီတော့ အကြောင်းနဲ့အကျိုးဆက်စပ်မှုပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"လျှာသွက်တယ်လို့'အကြောင်း'ကို ပြောပေမယ့် 'စကားသွက်တယ်'လို့ အကျိုးကိုဆိုလိုကြောင်း အဓိပ္ပာယ်ကောက်ရတယ်လေ။ အဲဒီလိုပဲ 'နှုတ်ချိုတယ်'ဆိုတာ 'စကားပြောချိုသာတယ်'၊ 'အာချောင်တယ်' ဆိုတာ 'စကားများတယ်'၊ 'လျှာရှည်တယ်' ဆိုရင်'စကားရှည်တယ်' လို့ ဆိုလိုတာသမီးသိမှာပါ"

"သိပါတယ်ဘဘ"

"အဲဒီစကားတွေမှာလည်း'နှုတ်၊ အာ၊ လျှာ'တွေကို စကားအဖြစ်တင်စားတာမို့ အကြောင်းကိုပြောပေမယ့် အကျိုးကိုဆိုလိုကြောင်းနားလည်ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဘဘတစ်ခုမေးမယ်။ 'သေနတ်နဲ့ပစ်တယ်'၊ 'သေနတ်မှန်တယ်' ဆိုတဲ့ စကားတွေကို ဘဘတို့အမြဲသုံးနေတယ်နော်။ သမီးသေသေချာချာစဉ်းစားကြည့်စမ်း။ သေနတ်နဲ့ပစ်တယ်ဆိုတာ တကယ်သေနတ်ကြီးနဲ့ထိအောင်ပစ်တာလား၊ သေနတ်မှန်တယ်ဆိုတာရော တကယ်သေနတ်ကြီးလာမှန်တာလား"

"အင်း. . . . သမီးသိပြီဘဘ။ တကယ်ကသေနတ်ကြီးနဲ့ပစ်တာမဟုတ်ပါဘူး။ သေနတ်ထဲကကျည်ဆန်နဲ့ပစ်တာပါ။ လာမှန်တာလည်း ကျည်ဆန်မှန်တာပါ"

"အေး. . . ဟုတ်တယ်။ ဒီအသုံးတွေမှာလည်း သေနတ်ကအကြောင်း၊ ကျည်ဆန်ကအကျိုးလေ။အကြောင်းကိုပြောပေမယ့် အကျိုးကိုဆိုလိုတဲ့ ဥပစာတွေပဲပေါ့ကွယ်။ အဲဒီလိုပဲ၊ လေးနဲ့ပစ်တယ်ဆိုတာ တကယ်တော့ မြားနဲ့ပစ်တာပဲလေ"

"စိတ်ဝင်စားစရာပဲနော် ဘဘ"

"ကဲ. . . ဆရာက တပည့်တွေကို 'စာမေးပွဲနီးနေပြီ၊ ခါးတောင်းကျိုက်ထားကြ'လို့ပြောရင် ဘာဆိုလိုတာလဲကွယ်"

"စာမေးပွဲနီးနေပြီ စာကြိုးစားကြ၊ ကြိုးကြိုးစားစားစာကျက်ကြလို့ ဆိုလိုတာထင်တယ်ဘဘ၊ ဒါပေမယ့် ခါးတောင်းကျိုက်တာနဲ့ ဘယ်လိုဆက်စပ်တယ်ဆိုတာ သမီးမသိပါဘူး"

"ဒါဆိုရင် ယောကျ်ားတွေ ဘယ်အခါမျိုးမှာ ခါးတောင်းကျိုက်သလဲကွယ်"

"အင်း. . ခြင်းလုံးခတ်တာမျိုး အားကစားလုပ်တဲ့အခါတို့၊အလုပ်ကြမ်းလုပ်တဲ့အခါတို့၊ အားစိုက်ပြီး တက်တက်ကြွကြွလုပ်တဲ့အခါမျိုးမှာ ခါးတောင်းကျိုက်တာပါ။ ဩော်. . . သမီးသိပြီ။ ခါးတောင်းကျိုက်တာနဲ့ တက်တက်ကြွကြွ ကြိုးကြိုးစားစားလုပ်တာလည်း အကြောင်းအကျိုးဆက်စပ်နေတာမို့ အဲဒီလိုတင်စားတာပဲပေါ့နော်"

"အင်း. . . အရင်တုန်းက ယောကျ်ားတွေက ဘောင်းဘီသိပ်မဝတ်ကြသေးဘူးလေ။ ပုဆိုးပဲအဝတ်များတာဆိုတော့ အဲဒီလိုတင်စားသုံးကြတာပေါ့ကွယ်"

"စာရေးဆရာကြီးတစ်ယောက်က လူငယ်တွေဦးနှောက် ခါးတောင်းကျိုက်ဖို့လိုတယ်လို့ပြောတာလည်း ကြားဖူးပါတယ်ဘဘ"

"အေး. . ဦးနှောက်သုံးပြီး အားကြိုးမာန်တက်တွေးခေါ်စဉ်းစားရမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွယ်။ ပြောရဦးမယ်။ သစ်ချတောင်ဆရာတော် ဦးတိလောကလိုထင်ရှားတဲ့ဆရာတော်ကြီးက 'ပဏ္ဍိတဝေဒနိယဒီပနီကျမ်း'မှာ ကမ္မဋ္ဌာန်းထိုင်နည်းတွေ ညွှန်ပြရင်းနှိုးဆော်လေ့ရှိတဲ့စကားတစ်ခွန်းရှိတယ်။ 'စိတ်ခါးတောင်းကို နာနာကျိုက်ကြတပည့်တို့'တဲ့"

"စိတ်ကို စူးစူးစိုက်စိုက်ထားပြီး အားထုတ်ဖို့နှိုးဆော်တာပေါ့နော်ဘဘ။ သမီးမှတ်ထားပါ့မယ်"

"ကဲ. . . တစ်ဖက်ကပြန်ကြည့်ရအောင်။ ' ထမင်းချက်တယ်'ဆိုတဲ့စကားဟာ ဥပစာတင်စားတဲ့စကားပါလို့ပြောရင် သမီးလက်ခံမလား"

"သမီးတော့ ဥပစာလို့မထင်ဘူးဘဘ။ ရိုးရိုးစကားပဲထင်ပါတယ်"

"ဒါဆိုရင် ထမင်းချက်တယ်ဆိုတာ ဘာကိုချက်တာလဲသမီး"

"ရှင်. . .၊ ဩော်. . ဆန်ကိုချက်တာပါဘဘ"

"အေး. . . ဆန်ကိုချက်တော့ထမင်းဖြစ်တယ်။ ဆန်ကအကြောင်း၊ ထမင်းက အကျိုး၊ အကျိုးကိုပြောပေမယ့် အကြောင်းကိုဆိုလိုတယ်လို့ အဓိပ္ပာယ်ကောက်ရတယ်မဟုတ်လား။ တကယ်တော့ ထမင်းကိုချက်တာမှ မဟုတ်ဘဲလေ၊ ဒါပေမယ့် 'ဆန်ချက်တယ်'လို့မှ မပြောတာ"

"ထမင်းချက်တယ်ဆိုတဲ့စကားကို ဥပစာစကားလို့မထင်ရဘူးနော်ဘဘ"

"အဲဒီလိုပဲ၊ ချောတဲ့လှတဲ့ မိန်းကလေးကို'ကွမ်းတောင်ကိုင်'လို့ခေါ်တယ်မဟုတ်လား။ ရပ်ရွာမှာ အလှူအတန်းလုပ်ရင် ချောတဲ့လှတဲ့ မိန်းကလေးက ကွမ်းတောင်ကိုကိုင်ပြီးလှည့်ရတယ်လေ။ ချောတာလှတာကအကြောင်း၊ ကွမ်းတောင်ကိုင်ရတာကအကျိုး။ အကျိုးကိုပြောပေမယ့်အကြောင်းကိုဆိုလိုတယ်လို့ နားလည်ရတယ်။ ခုခေတ်နဲ့ ဆီလျော်တဲ့ဥပစာကတော့'ဗန်းကိုင်' ပေါ့ကွယ်။ ဆုပေးပွဲမှာ ချောတဲ့မိန်းကလေးတွေ ဆုဗန်းကိုင်ရတာမို့ 'ဗန်းကိုင်ကလေး'လို့ ပြောရင် 'ချောတဲ့မိန်းကလေး'လို့ အဓိပ္ပာယ်ကောက်ရမှာပေါ့ကွယ်"

"ခေတ်သစ် ဥပစာပေါ့နော်ဘဘ"

"အေး. . . ဟုတ်တယ်၊ ဟုတ်တယ်"

"ကဲ အကြောင်းနဲ့အကျိုးအပြန်အလှန်ဆက်စပ်တဲ့ ဥပစာတွေအကြောင်း ပြောပြီးပြီ။ နောက်တစ်မျိုးက တည်ရှိတဲ့နေရာနဲ့ တည်ရှိသူ ဒါမှမဟုတ် တည်ရှိတဲ့အရာဝတ္ထုအပြန်အလှန်ဆက်စပ်တဲ့ ဥပစာပေါ့။ ဥပမာကွယ် 'အစည်းအဝေးကို မြန်မာ့အလင်းက လာတက်တယ်၊ ကြေးမုံက ခွင့်တိုင်တယ်'လို့ ပြောရင် သမီးဘယ်လို နားလည်သလဲ"

"ဟုတ်ကဲ့၊ မြန်မာ့အလင်းသတင်းစာတိုက်ကကိုယ်စားလှယ် အစည်းအဝေးတက်တယ်၊ ကြေးမုံသတင်းစာတိုက်ကကိုယ်စားလှယ်ကခွင့်တိုင်တယ်လို့ နားလည်ပါတယ်"

"အေး. . . မြန်မာ့အလင်းတို့၊ ကြေးမုံတို့က သက်မဲ့သတင်းစာတိုက်တွေမို့ အစည်းအဝေးလည်းမတက်နိုင်ဘူး၊ ခွင့်လည်းမတိုင်နိုင်ဘူး၊ အဲဒီတိုက်တွေမှာ အလုပ်လုပ်နေတဲ့လူတွေကသာ အစည်းအဝေးတက်တာ၊ ခွင့်တိုင်တာမဟုတ်လား။ ဒီတော့ တည်နေရာကိုပြောပေမယ့် အဓိပ္ပာယ်ကောက်တော့ အဲဒီနေရာမှာ တည်ရှိသူကို ဆိုလိုတယ်လို့ နားလည်ပြီး အဓိပ္ပာယ်ကောက်ရတာပေါ့"

"ဟုတ်တယ်နော် ဘဘ၊ စိတ်ဝင်စားစရာပါပဲ"

"အဲဒီလိုပဲ၊ 'ဘောလုံးပွဲမှာ ရန်ကုန်တိုင်းဒေသကြီးအနိုင်ရတယ်' လို့ ပြောရင် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းက ဘောလုံးသမားတွေအနိုင်ရတာလို့ နားလည်ရတယ်။ 'ဒီအခန်းက ဆူလိုက်တာ'လို့ ပြောရင် 'အခန်းထဲက လူတွေဆူလိုက်တာ'လို့ နားလည်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဘဘမေးဦးမယ်။ ဝတ္ထုတစ်ပုဒ်ခေါင်းစဉ်မှာ 'ဝတ်တော့မလေးရှား' ဆိုတဲ့စကားပါတယ်။ သမီးအဓိပ္ပာယ်သိသလား"

"အဲဒီဝတ္ထု သမီးဖတ်ဖူးပါတယ်။ နုနုရည်ရဲ့ဝတ္ထုလေ။ မလေးရှားက ထွက်တဲ့လုံချည်ကို ဝတ်တာပါဘဘ"

"အေး-အဲဒီဥပစာကလည်း ဒီသဘောပဲ။ တည်ရှိတဲ့နေရာကိုပြောပေမယ့် တည်ရှိတဲ့ပစ္စည်းကို အဓိပ္ပာယ်ကောက်ရတယ်။ ရှေးက ဗန်ကောက်တို့ ဇင်းမယ်တို့ ဝတ်ကြတယ်ဆိုတာမျိုးပေါ့။ ဗန်ကောက်နဲ့ ဇင်းမယ်ကထွက်တဲ့ လုံချည်တွေကို ဝတ်တယ်လို့ ဆိုလိုတာပါ"

"နားလည်ပါပြီ ဘဘ"

"ကဲ. . . အပြန်အလှန်ကြည့်ရအောင်။ တည်ရှိတဲ့ပစ္စည်းကို ပြောပေမယ့်၊ အဲဒီပစ္စည်းတည်ရှိတဲ့သူကို အဓိပ္ပာယ်ကောက်ရတာလည်းရှိတယ်။ 'လေဆိပ်မှာ မူးယစ်ဆေးဝါးတွေဖမ်းမိတယ်' ဆိုတာမျိုးပေါ့။ တကယ်က မူးယစ်ဆေးဝါးက သက်မဲ့ပစ္စည်းတွေမို့ ဖမ်းလို့မရဘူး။ သယ်လာတဲ့သက်ရှိလူတွေကိုဖမ်းတာလေ"

"ဒါဆိုရင် မှောင်ခိုသစ်တွေ ဖမ်းမိတယ်ဆိုတာလည်း ဒီသဘောပဲပေါ့နော်ဘဘ"

"အေး. . သစ်တွေမှောင်ခိုသယ်လာတဲ့သူတွေကိုဆိုလိုတာပါ။ တည်ရှိတဲ့ပစ္စည်းကိုပြောပေမယ့် အဲဒီပစ္စည်းတည်ရှိတဲ့နေရာကိုဆိုလိုတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ နောက်တစ်မျိုးက 'တစ်ခုလုံး' နဲ့ 'အစိတ်အပိုင်း' ဆက်စပ်တဲ့ ဥပစာတွေပေါ့။ 'ထီးနန်းရတယ်'၊ 'နန်းတက်တယ်'ဆိုတာ ဘာလဲသမီး"

"ဘုရင်ဖြစ်တာကို ပြောတာပါဘဘ"

"အေး. . . ထီးနန်းရတယ်ဆိုတာ ထီးဖြူကြီးတစ်စင်းနဲ့ နန်းတော်ကြီးတစ်ဆောင်ကို အပိုင်ရတယ်လို့သာ ဆိုလိုတာ မဟုတ်ဘူး။ ဘုရင်ဖြစ်တယ်လို့ ဆိုလိုတာ။ ထီးနန်းရတာက ဘုရင်ဖြစ်တာရဲ့ အစိတ်အပိုင်းတစ်ခုပဲလေ။ အစိတ်အပိုင်းကို ပြောပေမယ့် တစ်ခုလုံးကို ဆိုလိုကြောင်းနားလည်ရတယ်။ အဲဒီလိုပဲ၊ မျက်မှန်တပ်ထားတဲ့ အရာရှိကြီးကို 'မျက်မှန်ကြီး' လို့ခေါ်တာ၊ နှုတ်ခမ်းမွေးပါတဲ့လူကြီးကို 'နှုတ်ခမ်းမွေးကြီး'လို့ တင်စားတာ အစိတ်အပိုင်းကို တစ်ခုလုံးအဖြစ် တင်စားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အပြန်အလှန်ကတော့ ဥပမာ-သမီးက စမ်းချောင်းမှာနေပေမယ့် 'ကျွန်မ ရန်ကုန်မှာနေတယ်'လို့ ပြောတာမျိုးပေါ့ တစ်ခုလုံးကို ပြောပေမယ့် အစိတ်အပိုင်းကို ဆိုလိုကြောင်းနားလည်ရတယ်"

"ဟုတ်ကဲ့ပါ"

"ကဲ. . . နောက်ဆုံးတစ်ခုပဲပြောတော့မယ်။ ဆရာကြီးပီမိုးနင်းဟာ ထက်မြက်တဲ့ ကလောင်တစ်ချောင်းပဲလို့ တင်စားတာ ဘာဆိုလိုတာလဲ"

"ထက်မြတ်တဲ့ စာရေးဆရာ တစ်ယောက်ပဲလို့ ဆိုလိုတာပါဘဘ"

"ဒီတော့ ကလောင်ကအသုံးပြုတဲ့ပစ္စည်း၊ စာရေးဆရာက ကလောင်ကို အသုံးပြုတဲ့သူမဟုတ်လား။ အသုံးပြုသူကို အသုံးပြုတဲ့ပစ္စည်းအဖြစ် တင်စားတာပေါ့ကွယ်။ ကဲ . . ဒီလောက်ဆိုရင် ဥပစာအသုံးတွေကို သမီးသဘောပေါက်လောက်ပါပြီ။ ဥပစာအကြောင်း ဒီနေရာမှာ အဆုံးသတ်ကြစို့"

"ဟုတ်ကဲ့ပါ။ အများကြီးကျေးဇူးတင်ပါတယ် ဘဘ"

> "စာရေးဆရာကြီးတစ်ယောက်က လူငယ်တွေဦးနှောက်ခါးတောင်းကျိုက်ဖို့ လိုတယ်လို့ပြောတာလည်း ကြားဖူးပါတယ် ဘဘ"
>
> "အေး ဦးနှောက်သုံးပြီး အားကြိုးမာန်တက်တွေးခေါ် စဉ်းစားရမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွယ်"

## ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**စဥ့်ကူး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးကျော်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတောက်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းနိုင်ဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက စဥ့်ကူးမြို့နယ် ခူလယ်ကျေးရွာအုပ်စု ရေဘေးသင့် ရေမျက်ကျေးရွာသို့ သွားရောက်ပြီး ရေဘေးသင့်အိမ်ထောင်စု ၅၃ စုမှ အိမ်ထောင်စုဝင် ၂၁၅ ဦးကို ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ရေဘေးသင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ရေမျက်ကျေးရွာ ရေဘေးသင့်အိမ်ထောင်စု ၅၃ စုကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်အိတ်အလုံး ၃၀၊ ဆီပိဿာ ၁၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ဆန် ၁၀ အိတ်နှင့်ဆီပိဿာ ၂၀၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက အဝတ်အထည်နှင့် အိမ်သုံးလူသုံးပစ္စည်း ၁၄ မျိုးပါ ကစ်ပုံး ၅၃ ပုံးနှင့် လက်သမားသုံးအိမ်ဆောက်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့အပြင် ပတ်ဝန်းကျင်ကျေးရွာများမှ စေတနာရှင် အလှူရှင်များကလည်း ဆန်၊ ဆီ၊ အဝတ်အထည်ပစ္စည်းများ၊ အသင့်စားစရာများနှင့် ထမင်းထုပ်များ နေ့စဉ်ပေးဝေလျက်ရှိကြောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ကလည်း ၂၄ နာရီစောင့်ကြပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေမျက်ကျေးရွာသည် စက်တင်ဘာ ၁၇ ရက်ညက ထူးကဲစွာရွာသွန်းသော မိုးကြောင့် တောင်ကျရေများကျဆင်းကာ နေအိမ် ၁၂ လုံး မျောပါသွားပြီး အိမ် ၁၈ လုံးသဲများဖုံးသွားခြင်း၊ အိမ် ၂၃ လုံး ဆိုးရွားစွာပျက်စီးခြင်းတို့ကြောင့် စုစုပေါင်း အိမ်ထောင်စု ၅၃ စု၊ လူဦးရေ ၂၁၅ ဦး ရေဘေးသင့်မှုများ ဖြစ်ပေါ်ခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၁ သိန်းရှိခဲ့ပြီး ကလေးနှစ်ဦးနှင့်လူကြီးတစ်ဦးသေဆုံးကာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ကနဦးသတင်းတွင် ငါးဦး ပျောက်ဆုံးသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

**ဝင်းမောင်**

## အလယ်တန်းကျောင်းသား ကျောင်းသူများအား အခြေခံရှေးဦးပြုစုခြင်းပညာရပ်များ သင်ကြားပေးလျက်ရှိ

**မိုးကုတ် စက်တင်ဘာ ၂၀**

ရှေးဦးပြုစုခြင်း ပညာရပ်များအား နားလည်တတ်ကျွမ်းပြီး စွမ်းရည်ထက်မြက်ခြင်းဖြင့် လူနာများ၏ အသက်နှင့်ခန္ဓာကိုယ် ကြာရှည်ခိုင်မြဲစေရန်နှင့် လက်ရှိအနေအထားမှ ပိုမိုဆိုးရွားမသွားစေရန် အမြန်ဆုံးပြန်လည် ကောင်းမွန်လာစေရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များတွင် အချိန်နှင့်တစ်ပြေးညီ နည်းစနစ်ကျနစွာ ကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် ဆေးအကူအညီ အမြန်ဆုံးရရှိစေရန် ရည်ရွယ်၍ ကံတော် မူလွန်ကျောင်းရှိ အလယ်တန်း ကျောင်းသား ကျောင်းသူများကို (၁၀/၂၀၁၄)ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ ရှော့ခ်(သွေးလန့်သွေးဆုတ်ခြင်း)၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းနည်းများ၊ ကိုင်တွယ်ခြင်းနှင့် လူနာသယ်ဆောင်နည်းများစသည့် ရှေးဦးပြုစုခြင်း ဘာသာရပ်များကို သင်တန်းနည်းပြများက အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၀ ကို စာတွေ့လက်တွေ့ သင်ကြားနည်းများဖြင့် နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးလျက်ရှိပြီး သင်တန်းအား ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**



နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မုဒုံမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေသိန်းဦးစီးပြီး ရဲတပ်ဖွဲ့ဝင် ၃၁ ဦးတို့သည် စက်တင်ဘာ ၁၅ ရက်က မုဒုံမြို့ မြို့မ(၁)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ပြီး သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။ (၁၀၈)

ပြည်တွင်းသတင်း

# ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေး စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

**ရေး – နန္ဒာဝင်း၊ ဓာတ်ပုံ – ရဲထွန်း**

"စာပေမြင့်မှ လူမျိုးမြင့်မည်" ဆိုသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏စာပေအဆင့်အတန်းမြင့်လာခြင်း၊ စာဖတ်သူဦးရေတိုးတက်လာခြင်းတို့သည် ထိုနိုင်ငံတိုးတက်မှု၏လမ်းစပင်ဖြစ်သည်။ ယနေ့အချိန်အခါသည် နည်းပညာတိုးတက်လာမှုများနှင့်အတူ အင်တာနက်များ၊ ဂိမ်းများ၊ အခြားဖျော်ဖြေမှုများ များပြားလာခြင်းကြောင့် စာဖတ်သည့်အလေ့အထများမှာ တစ်နေ့တခြား နည်းပါးလာသည်။ နည်းပညာတိုးတက်လာခြင်းကို အကျိုးရှိစွာသုံးစွဲရမည့်အစား အချို့မှာ လွဲမှားစွာအသုံးချကာ အချိန်ဖြုန်းလာကြသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူများ၏ အသိဉာဏ်၊ ဗဟုသုတတို့အပေါ်တွင် တည်မှီနေရာ ယခုအချိန်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာသည်။ တစ်နိုင်ငံလုံးရှိ ပြည်သူများ၊ ကျေးလက်ဒေသများပါမကျန် လက်လှမ်းမီစွာ စာပေဖတ်



ခန့်စည်သူ (ရုပ်ရှင် သရုပ်ဆောင်) မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်း ကော်မတီဝင်။



လမင်းမိုမို(စာရေးဆရာမ) မြန်မာနိုင်ငံစာကြည့်တိုက် ဖောင် ဒေး ရှင်း ကော်မတီဝင်။



ဦးရဲထက်ဦး (မြန်မာ နိုင်ငံ စာကြည့်တိုက်များ ဖောင် ဒေး ရှင်း ဗဟို အလုပ်အမှု ဆောင်)။

မှတ်နိုင်ရန်ကျေးရွာစာကြည့်တိုက်များ၊ စာပေရေချမ်းစင်များကိုလည်း တိုးချဲ့ဖွင့်လှစ်လာသည်။ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့်စာပေ ပညာရှင်များ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီဝင်များ တွေ့ဆုံဆွေးနွေးလာကြသည်။

ယနေ့တွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့နှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ကော်မတီဝင်များ တွေ့ဆုံခဲ့ကြပြီး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်ခဲ့ကြသူ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကော်မတီဝင်များနှင့် အနုပညာရှင်များက နိုင်ငံဖွံ့ဖြိုးရေးတွင် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူများ စာပေဖတ်မှတ်ရေးတို့အတွက် ယခုကဲ့သို့ အကြံပြုပြောကြားခဲ့ကြသည်။

**ခန့်စည်သူ (ရုပ်ရှင်သရုပ်ဆောင်)**
**မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီဝင်**

အနုပညာရှင်တစ်ယောက်အနေနဲ့ရော စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီဝင်တစ်ယောက်အနေနဲ့ပါ လူတိုင်းစာဖတ်တဲ့အလေ့အကျင့်ရရှိဖို့ စာကြည့်တိုက်ဖောင်ဒေးရှင်းနဲ့ပတ်သက်တဲ့ အသိပညာပေးဇာတ်လမ်းတိုလေးတွေ ရိုက်ထားတယ်။ အထိုက်အလျောက် အားပေးတာလည်း တွေ့ရပါတယ်။

ဒီဇာတ်လမ်းမှာ အပြင်မှာ လက်တွေ့ဖြစ်ပျက်နေတဲ့ အရာတွေကို စာလုံးတွေ ရွတ်ပြတာမဟုတ်ဘဲ ဇာတ်အိမ်လေးနဲ့တင်ပြခဲ့တယ်။ "အရေးကြုံရင် ကြေးမုံရှိတယ်" ဆိုတဲ့ စာပေရေချမ်းစင်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းတွေက ပရိသတ်ရင်ထဲကို ရောက်တယ်။ ပြည်သူကို အချက်(၁၀) ချက်ပေးချင်တာကို တစ်ချက်၊ နှစ်ချက် သူတို့ရသွားတယ်ဆိုရင်ပဲ အကျိုးအမြတ်ရှိပါတယ်။ စာဖတ်တဲ့အလေ့အကျင့်ကို ကလေးဘဝမှာကတည်းကရရှိအောင်၊ ကလေးစာပေတွေဖွံ့ဖြိုးတိုးတက်လာအောင် ဒီနေ့ဆွေးနွေးပွဲမှာ ထည့်သွင်းဆွေးနွေးသွားခဲ့ကြတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုရင် ရွှေသွေး၊ မိုးသောက်ပန်း၊ တေဇ၊ ဒို့ကျောင်းသားစတဲ့ ကလေးစာပေတွေနဲ့ကြီးပြင်းခဲ့ကြတယ်။ လုပြီးဖတ်ခဲ့ကြတယ်။ ကျွန်တော်တို့ စွဲလမ်းခဲ့ရတာပေါ့။ ခုနောက်ပိုင်းလူငယ်တွေမှာ ဖျော်ဖြေမှုတွေ အလွန်များလာတယ်။ ကလေးတွေဆိုရင် ဂိမ်းဆော့မယ်၊ လူကြီးတွေဆိုရင်လည်း အင်တာနက်တွေ၊ ဖေ့စ်ဘွတ်ခ်တွေ သုံးတာများလာကြတယ်။ ခေတ်နောက်ပြန် ဆွဲတာတော့မဟုတ်ပါဘူး။ သုံးတာတော့ သုံးပေါ့။ ဒီထဲက ကိုယ့်အတွက် ဘာတွေအကျိုးရှိနိုင်မလဲ။ ဗဟုသုတ ဘာတွေရနိုင်မလဲ။ ကမ္ဘာပေါ် အခြားနိုင်ငံက လူတွေ တော်တော်များများက စာအုပ်တွေ ဒေါင်းလော့ခ်ဆွဲတယ်။ သူတို့အကျိုးအတွက် စာဖတ်တယ်။ ကျွန်တော်တို့နိုင်ငံက တော်တော်များများက Like လုပ်တာ၊ Comment ပေးတာတွေလောက်ပဲလုပ်တော့ အချိန်ကုန်တာပဲ အဖတ်တင်တယ်။ အဲဒီအစား ကိုယ့်အတွက်အကျိုးရှိစေမယ့် စာအုပ်ကိုဒေါင်းလော့ခ်လုပ်ပြီးတော့ပဲဖြစ်ဖြစ် ဖတ်လိုက်မယ်ဆိုရင် ကိုယ့်အတွက်အကျိုးရှိသွားမယ်လို့ ပြောချင်ပါတယ်။

**လမင်းမိုမို (စာရေးဆရာမ)**
**မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီဝင်**

အခုက စာဖတ်တဲ့အလေ့အထက နည်းနေတယ်။ ကျွန်မတို့ငယ်ငယ်က စာအုပ်စာပေနဲ့ စာဖတ်အားတွေက အများကြီးကောင်းခဲ့တယ်။ မိဘတွေကလည်း ရွှေသွေး၊ တေဇကြိုက်တာဖတ် အစုံဝယ်ပေးထားတယ်။ ကြိုက်တာ ရွေးဖတ်၊ ငယ်တဲ့ကလေးတွေကတော့ အရုပ်များတာ ကြိုက်တာပေါ့၊ နည်းနည်းစာဖတ်အားရလာတော့ အရုပ်နည်းပြီး စာများတာ၊ အဲလိုကနေပြီး အရုပ်ပျောက်သွားပြီး စာလုံးချည်းပဲပါတာကို ဖတ်လာကြတယ်။ မဖတ်ဘဲ မနေနိုင်တော့ဘူး။ စာဖတ်တဲ့အလေ့အကျင့် အမြစ်တွယ်နေပြီ။ အသိပညာ၊ ဗဟုသုတပေးတဲ့စာအုပ်တွေက အကျိုးရှိတယ်။ စာအုပ်ကို ရွေးချယ်ဖတ်နိုင်လာတယ်။ အခုက စာဖတ်ဖို့သုံးနိုင်တဲ့ အချိန်လည်း နည်းလာတယ်။ စာဖတ်အားကျလာတယ်။ စာဖတ်တာက မဖြစ်မနေဖတ်လို့ အတင်းအကျပ်စေခိုင်းလို့ရတာ မဟုတ်ပါဘူး။ ဒီစာအုပ်က အလွန်ကောင်းတယ်။ ဒါကိုဖတ်ဆိုပြီးတော့ ပြောလို့မရပါဘူး။ ကြိုက်တာဖတ်ဆိုပြီး ပေးထားပြီး ရွေးချယ်ခိုင်းရမှာဖြစ်ပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ပညာအရည်အချင်း အခြေခံ၊ ဦးနှောက်တွေးခေါ်နိုင်စွမ်း၊ ဆင်ခြင်တုံတရားမတူပါဘူး။

ဒီစာအုပ်တစ်အုပ်ကိုဖတ်ပြီး ယူနိုင်တဲ့စွမ်းအားချင်း မတူပါဘူး။ တစ်ယောက်ကဖတ်တာ စာအုပ်ထဲက တစ်ချက်လောက်သာယူနိုင်ပေမယ့် နောက်တစ်ယောက်က ငါးချက်၊ ဆယ်ချက် အဲဒီလိုရသွားနိုင်တာတွေလည်း ရှိပါတယ်။ အဲဒါကြောင့် "ဒါကကောင်းတယ်၊ ဖတ်လို့" ရွေးပေးခြင်းက ထိရောက်မှုမရှိဘူးလို့ထင်ပါတယ်။ အခုမှ စာစဖတ်မယ့်သူတွေဟာ အလွန်လေးပင်တဲ့စာတွေ မဖတ်နိုင်တော့ဘူး။ သိပ်ပြီးဗဟုသုတ အများကြီး ပေးလို့မရပါဘူး။ ကာတွန်း၊ ပုံပြင်၊ ဝတ္ထုဖတ်ချင်တာကို စဖတ်ခိုင်းရင်းနဲ့ တဖြည်းဖြည်း စာဖတ်ကျင့်ရလာမှာဖြစ်ပါတယ်။

စာဖတ်တဲ့သူတွေကျတော့လည်း ဒီနေ့ခေတ်မှာ ရသစာပေကိုဖတ်တာ နည်းလာကြတယ်။ အချိန်မပေးနိုင်ကြတာလည်းပါမှာပေါ့။ တစ်ခါတည်း အချက်အလက်တွေ အများကြီးရမယ့် သုတစာပေကို ဖတ်မှတ်တာများလာကြတယ်။ ရသစာပေဖတ်တဲ့သူဟာ စိတ်နှလုံးသဘောထားအတွေး အခေါ် အမြင်ပြောင်းလဲသွားစေနိုင်တယ်ဆိုတာ လက်ခံပါတယ်။ ရသက လူတစ်ယောက်ကို ယဉ်အောင် ရိုင်းအောင်ပြုပြင်နိုင်တယ်။ သုတလို ချက်ချင်း အချက်အလက်တွေအများကြီးပေးနိုင်ချင်မှ ပေးနိုင်မယ်။

လူတစ်ယောက်ရဲ့စိတ်နှလုံးကို ယဉ်လာအောင်၊ ရိုင်းလာအောင် ပြုပြင်နိုင်တယ်။ တစ်ယောက်နဲ့တစ်ယောက် ရန်မလိုအောင် ပြုပြင်ပေးနိုင်တယ်။ အခုဆိုရင် ရသစာပေဖတ်မှတ်တာ နည်းလာလို့လားမသိဘူး။ လူငယ်တွေ တစ်ယောက်နဲ့တစ်ယောက် ရန်လိုလာကြတယ်။အဲဒါကြောင့် သုတအပြင် ရသစာပေတွေကိုပါ အချိန်ပေးဖတ်မှတ်သင့်ပါတယ်။ ပြည်သူတွေ စာပေဖတ်မှတ်လာအောင်၊ မြန်မာတစ်နိုင်ငံလုံးရဲ့ စာပေအဆင့်အတန်းတိုးတက်အောင် စာရေးဆရာမတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် စာကြည့်တိုက်ဖောင်ဒေးရှင်းအနေနဲ့ပါ ပညာပေးစည်းရုံးသွားမှာ ဖြစ်ပါတယ်။

**ဦးရဲထက်ဦး(မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်)**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေရှည်ရှင်သန်အောင်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း လက်ရှိဆွေးနွေးတာက စာကြည့်တိုက်ကို ပိုမိုပြီး လှုပ်ရှားမှုတွေ ပိုမိုလုပ်ဆောင်နေပါတယ်။ လူတွေစာဖတ်လာအောင်၊ စာဖတ်ချင်စိတ်တိုးပွားလာအောင်၊ မဖွင့်လှစ်သေးတဲ့နေရာတွေမှာ စာကြည့်တိုက်တွေ ပိုမိုဖွင့်လှစ်နိုင်လာအောင်၊ ဖွင့်လှစ်ပြီးသား စာကြည့်တိုက်တွေ ရေရှည်ရှင်သန်အောင် လုပ်ငန်းစဉ်တွေချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ စာပေမြှင့်တင်ရေးဟောပြောပွဲအပြင် လူငယ်တွေကို ပိုမိုပြီး ဆွဲဆောင်မှုရှိတဲ့ နည်းလမ်းများနဲ့သွားဖို့ အစီအစဉ်တွေ ချမှတ်ထားပါတယ်။

စာပေကို အလွယ်တကူ လက်လှမ်းမီမီ ဖတ်ရှုနိုင်အောင် ကျွန်တော်ကတော့ "သရပါ" စာကြည့်တိုက်ဆိုပြီး ကိုယ်ပိုင်တည်ထောင်ထားပါတယ်။ သရပါစာကြည့်တိုက်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့က ရန်ကုန်မြို့လမ်းမတော် (၁၀)လမ်းမှာ စတင်ဖွင့်လှစ်ခဲ့တာ ငါးနှစ်ရှိပါပြီ။ လူငယ်လူရွယ်တွေကို အင်္ဂလိပ်စာ ပိုပြီးဖတ်လို့ရအောင် ရည်ရွယ်ချက်နဲ့ဖွင့်ထားတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့စာကြည့်တိုက်မှာတော့ စာဖတ်ပရိသတ်တော်တော်များများက အင်္ဂလိပ်စာအုပ်ဖတ်ရှုတဲ့ လူငယ်လူရွယ်တွေဖြစ်ပါတယ်။ စာအုပ်ပေါင်း နှစ်သောင်းကျော်ထားရှိပါတယ်။ စာဖတ်ပရိသတ်က အသက် ၁၈ နှစ်ကနေ ၂၀ ကျော် နိုင်ငံခြားပညာသင်ချင်တဲ့လူငယ်တွေ၊ ပြည်တွင်းမှာ အင်္ဂလိပ်စာ လေ့လာချင်တဲ့သူတွေ အများဆုံးလာရောက် ဖတ်ရှုကြပါတယ်။

ယခုလက်ရှိကတော့ စာပေကို ပိုမိုဖတ်ရှုနိုင်အောင် စာကြည့်တိုက်ဖောင်ဒေးရှင်းအနေနဲ့ လှုပ်ရှားမှုများစွာလုပ်နေပါတယ်။ ဥပမာ စာကြည့်တိုက်ဖောင်ဒေးရှင်းအသင်းဝင်အနေနဲ့ တစ်လတစ်ခါစုရုံးပြီး ဘုန်းကြီးကျောင်းတွေမှာ စာသွားသင်ပါတယ်။ ရေဘေးသင့်နေရာတွေ သွားရောက်ပြီး ကူညီတာတွေလုပ်ပေးပါတယ်။ အဓိကရည်ရွယ်ချက်က စာကြည့်တိုက်ကိုလာတယ်ဆိုတာ စာအုပ်ဖတ်ရုံမဟုတ်ဘဲနဲ့ လူငယ်အချင်းချင်းဝိုင်းဝန်းပြီး ဆောင်ရွက်ရတဲ့အလုပ်တွေ၊ စည်းရုံးပြီးလုပ်တဲ့ Community Center၊ Community Space ဖြစ်အောင် ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ဒါ့အပြင် ကျွန်တော်ရဲ့ သရပါစာကြည့်တိုက်မှာ တစ်လတစ်ခါ မြန်မာနိုင်ငံ ဒီဇိုင်းပညာရှင်တွေ ဒီဇိုင်းဆွဲတဲ့လူတွေ ပြိုင်ပွဲလေးတစ်ခုလုပ်ပေးတယ်။ ခေါင်းစဉ်လေးတစ်ခုနဲ့ပြီးခဲ့တဲ့တုန်းက "ဝဿန်" ခေါင်းစဉ်နဲ့ ဒီဇိုင်းဆွဲတာကို ပြိုင်ကြတယ်။ ပထမ၊ ဒုတိယ၊ တတိယဆုပေးတယ်။ စာကြည့်တိုက်ဆိုတာ စာအုပ်တွေအပြင်မကဘဲ လာရောက် ဖတ်ရှုတဲ့နေရာ သူတို့ကိုပိုမိုပြီး စိတ်ပါဝင်စားအောင် စုစည်းပေးခြင်းလည်းဖြစ်ပါတယ်။

သရပါစာကြည့်တိုက်အနေနဲ့လည်း ပြီးခဲ့တဲ့ စက်တင်ဘာ ၇ ရက်ကနေ ၉ ရက်အထိ အမျိုးသားပြတိုက်မှာ စာပေဟောပြောပွဲတွေ ကျင်းပခဲ့တယ်။ ဆရာဟိန်းလတ်၊ ဆရာ အကြည်တော်၊ ဆရာမ နုနုရည်(အင်းဝ)၊ ဆရာဦးမျိုးမင်းတို့လာပြီးဟောပြောဆွေးနွေးခဲ့တယ်။ မျက်လှည့်ပွဲတွေ လူငယ်တွေအတွက် ဆောင်ရွက်ပေးခဲ့တယ်။ ပြီးတော့ လူငယ်တွေကို ပန်း ၁၀ မျိုးထဲက ပန်းချီဆိုတာ အနုပညာတစ်ခုအနေနဲ့ ခင်းကျင်းပြသခဲ့တယ်။ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအနေနဲ့ စာအုပ်ပြပွဲ၊ စာအုပ်ရောင်းပွဲတွေ ကျင်းပခဲ့တယ်။ စုစုပေါင်းလူဦးရေ ၁၀၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။

ယခုကဲ့သို့ ပြည်သူများ စာပေဖတ်မှတ်သည့် အလေ့အကျင့်ကောင်းများရရှိရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုပျိုးထောင်ပေးနေသည့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကို ၂၀၁၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သည်။ ယခုအချိန်တွင် ကျေးလက်နှင့်မြို့ပြဒေသအသီးသီး၌ စံငါးချက်နှင့်ညီသည့် စာကြည့်တိုက်ပေါင်း ၅၉၈၂ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

❖ **ရှေ့ဖုံးမှ**

လည်း တွေ့ရှိခဲ့ကြကြောင်း တပွန်းဒမ်းကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိ



နမားဂျွန်ဆင်နှင့်အဖွဲ့ တောင်တက်သမားများအား မြေပြင်တောင်တက်ခရီးကြမ်းလမ်းမှ ခက်ခဲစွာ ရှာဖွေလျက်ရှိစဉ်။

သူက ပြောကြားသည်။

"ကယ်ဆယ်ရေးအတွက် ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့တွေကိုလည်း ဆက်တိုက်ခေါ်ယူခဲ့တယ်။ သို့သော် အကြောင်းကြောင်းကြောင့် အခက်အခဲတွေလည်း အများကြီးကြုံရပါတယ်။ တရုတ်အဖွဲ့နဲ့ ဂျပန်အဖွဲ့က သူတို့အစီအစဉ်တွေနဲ့ ကယ်ဆယ်နိုင်အောင် ကြိုးပမ်းနေတယ်။ နီပေါလ်အဖွဲ့ကတော့ ကယ်ဆယ်ရေး လုပ်ဆောင်နေပြီး အမေရိကန်အဖွဲ့ကတော့ ကျွန်တော်တို့နဲ့ သဘောတူညီမှုတွေ တောင်းဆိုထားတာရှိပါတယ်။ မြန်မာတိဗက်အဖွဲ့တွေကတော့ ပင်ပန်းတဲ့မြေပြင်ခရီးစဉ်ကနေ တောင်တက်သမားနှစ်ဦးရဲ့ အသွားတုန်းက ချန်ထားခဲ့တဲ့ သဲလွန်စတွေကို ရှာတွေ့နေလို့ ရှာဖွေရေးအရှိန်မြှင့်နေကြပါတယ်" ဟု ထူးဖောင်ဒေးရှင်းနာယက ဦးတေဇက ပြောကြားသည်။



အပြန်ခရီးအတွက် ချန်ထားခဲ့ပုံရသည့် တောင်တက်သမား နှစ်ဦး၏ ရိက္ခာများ။

ယင်းအဖွဲ့မှာ တောင်ထိပ်မှ အဆင်းတွင် ပျောက်သွားသူ နှစ်ဦး သွားရောက်ခဲ့သည့် လမ်းကြောင်းအတိုင်း တက်ရောက်ရှာဖွေနေကြပြီး ၎င်းတို့အဆိုအရ သူတို့တွေ့ရှိခဲ့သည့် အပြန်ရိက္ခာများနှင့် အသုံးအဆောင်များထံသို့ တောင်တက်သမားနှစ်ဦး လာရောက်မယူထားသဖြင့် ယင်းလမ်းကြောင်းအတိုင်း ရှေ့သို့ ဆက်လက် တက်ရောက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



တောင်တက်သမားနှစ်ဦး ထားရှိခဲ့သည့် လက်ကိုင်ဖုန်းကို တွေ့ရစဉ်။

ပြည်တွင်းသတင်းနှင့်အားကစား

# အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အဆင့်မြင့်အရာကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးများသည် အစည်းအဝေးခန်းမ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ပြီး **(ယာပုံ)** အစည်းအဝေးကာလအတွင်း အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များ၏ မျှော်မှန်းချက်များနှင့် ကိုက်ညီစွာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့်တင်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမအနီး ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာ ဆန်၊ စပါးသုတေသနအဖွဲ့ (IRRI)၏ ပြခန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များအား ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Dr. Phan Quang Minh နှင့် ဖိလစ်ပိုင်နိုင်ငံမှ SOM Leader Mr. Romeo Ricide တို့က ဦးစီးခေါင်းဆောင်ပြီး အစည်းအဝေးအစီအစဉ်များအတိုင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဟိုတယ်ဖုန်အနီး တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာ့အသံရေဒီယို အစီအစဉ်များကို မြို့ကြီး ၁၃ မြို့တွင် FM အစီအစဉ်ဖြင့် နားဆင်နိုင်ပြီ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာ့အသံ ရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် နားဆင်နိုင်ရန် ပထမအဆင့် မြို့ကြီး ၁၅ မြို့အနက် မြို့ကြီး ၁၁ မြို့ဖြစ်သည့် စစ်ကိုင်း၊ လားရှိုး၊ နေပြည်တော်(ပျဉ်းမနား)၊ မော်လမြိုင်၊ ပုသိမ်၊ ပုပ္ပား၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်၊ မင်းဘူးနှင့် စစ်တွေမြို့တို့တွင် ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ယခုထပ်မံ၍ ဘူးသီးတောင်၊ မောင်တော ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား(2 KW )၊ လှိုင်းနှုန်း (88.9 MHz) ဖြင့် စက်တင်ဘာ ၁၅ ရက်မှစတင်၍ လည်းကောင်း၊ ရမ်းဗြဲ(ပိန္နဲတောင်) ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (89.2 MHz) ဖြင့် စက်တင်ဘာ ၁၆ ရက်မှ စတင်၍လည်းကောင်း ထုတ်လွှင့်လျက်ရှိရာ အဆိုပါ စက်ရုံများတည်ရှိရာ မိုင် ၃၀ ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ကျန်ရှိသည့် စက်ရုံနှစ်ရုံ၌ FM စနစ်တိုးချဲ့ ထုတ်လွှင့်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကနေဒီစက်ရုံ၌ ဆက်လက်တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၂၅ ရုံ၌ FM စနစ်များ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်စီးပွားရေးတက္ကသိုလ် Master of Banking and Finance 1st Batch မှ အုပ်ချုပ်သူ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခ ဒေါ်ရီရီသန်း ပါမောက္ခ(ဌာနမှူး)ဝါဏိဇ္ဇဗေဒဌာနနှင့် ကျောင်းသား ကျောင်းသူများသည် စက်တင်ဘာ ၂၀ ရက်က ထိုင်းနိုင်ငံ Korsikorn Bank နှင့် Deutsche Bank သို့ လေ့လာရေးခရီးမထွက်ခွာမီ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။** (မြန်မာ့အလင်း)

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ အစည်းအဝေးတွင် လုပ်ငန်းဆိုင်ရာများမှာကြား

**စစ်တွေ စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ECC အဖွဲ့ဝင်များ၊ နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ ရခိုင်ပြည်နယ်အတွင်း ယခင်ကအတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး ဆောင်ရွက်ရေး၊ လုပ်ငန်းများကို ပြည်နယ်အဆင့် ECC နှင့်တင်ပြညှိနှိုင်း ပူးပေါင်းပြီး ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် နယ်စည်းမထား ဆရာဝန်များအဖွဲ့ (ဟော်လန်) မှ ရခိုင်ပြည်နယ်စီမံကိန်း ဒုတိယဌာနေကိုယ်စားလှယ် Mr. Simon Tyler နှင့် ဌာနေကိုယ်စားလှယ် လက်ထောက် ဦးစိုင်းထွန်းသီတို့က ဆွေးနွေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များနှင့် အကြံပြုချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်အဆင့် ECC အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများသည် မြေပုံမြို့နယ်တွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ ဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာများနှင့် ဒေသတွင်း အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲရေးဆိုင်ရာများ၊ အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ရန်ကုန်အသင်း အိမ်ကွင်း၌ နိုင်ပွဲယူပြီး ဒုတိယနေရာရရှိ

**သတင်း- ညီမြတ်သော်တာ**
**ဓာတ်ပုံ- စိုးညွန့်**

**ရန်ကုန် စက်တင်ဘာ ၂၀**

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၁) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

MNL အမှတ်ပေးချန်ပီယံဆုကို လေးနှစ်ဆက် ရယူနိုင်ရေး အိပ်မက်ပျက်ပြယ်ခဲ့ရသော်လည်း ရန်ကုန်အသင်းသည် ကမ္ဘောဇအသင်းကို အနိုင်ယူပြီး ပွဲစဉ်မကုန်မီ ဒုတိယနေရာကို ရယူနိုင်ခဲ့ပြီဖြစ်သည်။ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း ခြေအသာဖြင့် ကစားနိုင်ခဲ့ခြင်းမရှိဘဲ လူငယ်ကစားသမား သန်းထက်အောင်၏ နောက်ကျဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။

ပွဲစကတည်းက ကမ္ဘောဇအသင်းက ခပ်မာမာတုံ့ပြန်ကစားခဲ့ပြီး ပွဲအစ ခြောက်မိနစ်မှာပင် ဇီကိုဗစ်၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်း ချေပဂိုးရရှိရေး ကြိုးပမ်းသော်လည်း တိုက်စစ်၌ အချိတ်အဆက်လွဲနေ၍ ၆၂ မိနစ်မှ ချေပဂိုးရရှိခဲ့သည်။ ယင်းဂိုးကို ယခုပွဲ၌ အသင်းခေါင်းဆောင်အဖြစ် ကစားခဲ့သည့် ဆီဇာက သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်းက အနိုင်ဂိုးရရှိရေး ဆက်တိုက်ကြိုးပမ်းလာပြီး ပွဲပြီးခါနီးတွင် သန်းထက်အောင်က အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကစားသည့် ဇေယျာရွှေမြေနှင့် မကွေးတို့ပွဲသည် သုံးဂိုးစီ သရေဖြစ်ခဲ့သည်။ သုဝဏ္ဏကွင်း၌ ကစားသည့် GFA နှင့် ချင်းယူနိုက်တက်ပွဲတွင် GFA က သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်သည်။

**ရန်ကုန်အသင်း တိုက်စစ်မှူး ကျော်ကိုကို ကမ္ဘောဇအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။**



## ကျူပီအာနှင့်စတုတ် သရေကျ၊ အာဆင်နယ်က ဗီလာကို ဂိုးပြတ်နိုင်

**လန်ဒန် စက်တင်ဘာ ၂၀**

**ပရီမီယာလိဂ်ပွဲစဉ်(၅) အစောဆုံးပွဲဖြစ်သည့် ကျူပီအာနှင့် စတုတ်ပွဲကို စနေနေ့ ညပိုင်းက ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။**



ပြီးခဲ့သည့်ပွဲစဉ်(၄)တွင် နှစ်သင်းစလုံး ရှုံးပွဲကြုံခဲ့သဖြင့် ယခုပွဲအနိုင်ရရှိရေး ကြိုးစားခဲ့ကြသည်။ ပွဲချိန် ၁၁ မိနစ်တွင် စတုတ်အသင်းမှ ဒီအော့ဖ်က စတင်ဂိုးသွင်းယူခဲ့ပြီး ကျူပီအာအသင်းအတွက် ချေပဂိုးကို ၄၂ မိနစ်တွင် စတီဗင်ကော့ကာက **(အောက်ဝဲပုံ)** သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းအပြီး တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

ဒုတိယပိုင်းတွင် စတုတ်အသင်းကပင် ဦးဆောင်ဂိုးကို သွင်းယူပြီး ပီတာခရောက်ချ်က ၅၁ မိနစ်တွင် သွင်းယူပေးခဲ့သည်။ စတုတ်အသင်းသည် အနိုင်ရရှိရေး ပွဲကို ထိန်းချုပ်ကစားခဲ့သော်လည်း ၈၈ မိနစ်တွင် ကျူပီအာအသင်းမှ ခရန်ဂျာက ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးသည်အထိ အနိုင်ဂိုးများ ထပ်မံမသွင်းနိုင်ဘဲ တစ်မှတ်စီခွဲယူခဲ့ကြသည်။

အခြားပွဲစဉ်များအဖြစ် အက်စ်တွန်ဗီလာနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဘန်လေနှင့် ဆန်းဒါးလန်းတို့ပွဲမှာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ဆွမ်ဆီးက အိမ်ကွင်း၌ ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ နိုင်ပွဲမရရှိသေးသည့် နယူးကာဆယ်မှာ အိမ်ကွင်း၌ ဟားလ်စီးတီးကို နှစ်ဂိုးစီ သရေကစားခဲ့သည်။

**သီဟ-ရေးသည်**

နိုင်ငံတကာသတင်း

## ၂၀၁၈ ခုနှစ် အာရှအားကစားပွဲတော် အိမ်ရှင်အဖြစ် အင်ဒိုနီးရှားက လက်ခံကျင်းပမည်

**အင်ချွမ် စက်တင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံက ၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်အစီအစဉ်ကို နိုင်ငံ၏ဘဏ္ဍာရေးအခက်အခဲကြောင့် ဖျက်သိမ်းလိုက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံတွင် စနေနေ့က အတည်ပြုခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အာရှအားကစားပွဲတော်ကို ကျင်းပရန် အဆင်သင့်ဖြစ်နေကြောင်း၊ ယင်းအားကစားပွဲတော်ကို နှစ်ပေါင်း ၅၆ နှစ်ကြာပြီးနောက် တစ်ဖန် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျိုးဆက်သစ်လူငယ်များအတွက် ယင်းအားကစားပွဲတော်တွင် ပါဝင်ဆင်နွှဲရန် အခွင့်ကောင်းဖြစ်ပါကြောင်း အင်ဒိုနီးရှားအိုလံပစ်ကော်မတီဥက္ကဋ္ဌ Mr.Rita Subowo က ပြောကြားခဲ့သည်ကို ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **ဘာသာပြန်-ယုမြတ်မွန်**

❒ *ကျော့ဖုံးမှ*

ကျောက်စိမ်းနှင့် ပယင်းတို့ကိုလည်း တူးဖော်ရရှိသည်။ ထင်ရှားသော မြို့များမှာ မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ မိုးညှင်း၊ ဖားကန့်၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ အင်ဂျန်းယန်၊ ချီဖွေ၊ နောင်မွန်၊ ပန်းဝါ၊ ရွှေကူ စသည်တို့ဖြစ်ပြီး ခရိုင်ပေါင်း လေးခရိုင်၊ မြို့နယ် ၁၈မြို့နယ်၊ မြို့နယ်ခွဲ ကိုးခု၊ ရပ်ကွက်ပေါင်း ၁၄၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉၇ အုပ်စု၊ ကျေးရွာပေါင်း ၂၅၈၃ ရွာရှိ၍ ပြည်နယ်တစ်ခုလုံးစတုရန်းမိုင် ၃၄၃၇၉ ဒသမ ၂၂၂ မိုင်ကျယ်ဝန်းသည်။

ပြည်နယ်အတွင်း ကားလမ်းပေါင်း ၆၀၊ မိုင်ပေါင်း ၂၃၁၈ မိုင် ၂ ဖာလုံရှိပြီး၊ ကားလမ်း ၁၆လမ်း မိုင်ပေါင်း ၁၂၈၀ မိုင် ၁ ဖာလုံကို ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပြီး လမ်းပေါင်း ၄၄ လမ်းမိုင်ပေါင်း ၁၀၃၅ မိုင် ၁ ဖာလုံကို ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲလျက်ရှိသည်။ ထို့အပြင် ပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၂၂ စင်းကိုလည်း နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည်။

ဒေသတွင်း၌ တည်ဆောက်ထားသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ ဓာတ်အားမဂ္ဂါဝပ် ၉၉ ထွက်ရှိသည့် ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားမဂ္ဂါဝပ် ၀ ဒသမ ၁၆၀ ထွက်ရှိသည့် ပူတာအိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားမဂ္ဂါဝပ် ၁ ဒသမ ၂၆၀ ထွက်ရှိသည့် ဂလိုင်ချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အား (၅) မဂ္ဂါဝပ် ထွက်ရှိသည့် နမ့်ခမ်းခ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တို့ရှိပြီး ယီနန်၊ ခေါင်လံဖူး၊ ဖီဇော၊ ဝူဆောက်၊ ချီဖွေ၊ လိုက်ဇာ၊ တာပိန်၊ နောင်ချမ်းခ၊ တာခတို့တွင် ဓာတ်အားမဂ္ဂါဝပ် ၁၃၆၂၉ မဂ္ဂါဝပ်ထွက်ရှိမည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံရှစ်ရုံတို့သည် တချို့တည်ဆောက်ဆဲနှင့် တချို့တည်ဆောက်ရန် စီစဉ်ဆဲဖြစ်ကြောင်း သိရသည်။ ထို့အပြင် အူမွန်ခ၊ မလိချောင်း၊ တဘက်ရန်၊ တဂွန်ခ၊ တနိုင်းခ၊ တဝမ်ခ၊ နမ့်မလိခ၊ ဗန်းမော်ဒေသတို့တွင်လည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် လျာထားသည်။ ထို့ကြောင့် ကချင်ပြည်နယ်သည် ရေအားလျှပ်စစ်ဓာတ်အားအမြောက်အမြား ထုတ်ယူသုံးစွဲနိုင်သော ပြည်နယ်တစ်ခု ဖြစ်သည်။ ဓာတ်အားမဂ္ဂါဝပ် ၆၀၀၀ ထွက်ရှိမည့် မြစ်ဆုံရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်စီမံကိန်းကိုမူ အများပြည်သူတို့၏ဆန္ဒအရ နိုင်ငံတော်က ရပ်ဆိုင်းထားသည်။

သတင်းသမား ကျွန်တော်သည် ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ကြီး၏ ဒုတိယမြစ်ကျဉ်းအထက် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး ဧရာဝတီမြစ်ပေါ်၌ တည်ဆောက်ခဲ့သည့် ကားလမ်း၊ ရထားလမ်းပါဝင်သည့်ဧရာဝတီတံတား(စင်းခန်း) စီမံကိန်းသို့ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်းက သုံးခေါက်တိတိ သတင်းခရီးသွားခဲ့ဖူးသည်။ ၂၀၁၁ ခုနှစ် ပထမအခေါက်၌ရန်ကုန်မှမြစ်ကြီးနားသို့ လေယာဉ်ဖြင့်သွားခဲ့ပြီး မြစ်ကြီးနားမှ တံတားစီမံကိန်းရှိရာသို့ လာကြိုသော ကားကလေးတစ်စင်းဖြင့် မြစ်ကြီးနား- ဗန်းမော်- ရွှေကူ- တကောင်း- မန္တလေး- ပြည်ထောင်စုကားလမ်းကြီးမှ သွားခဲ့ရာ တောတောင်များကို ဖြတ်သန်းသွားစဉ် တောင်မမြင်ဖူးသော မြေပြန့်သား ကျွန်တော့အဖို့ မြင်တွေ့ရသည့်မြင်ကွင်းမှာ အရာရာတိုင်းက လှနေ၏ ၊ ယခုတော့ လွမ်းပါဘိ ကချင်မြေရယ်ဟုသာ တမ်းတနေရသည်။ ၂၀၁၂ ခုနှစ် နှစ်ခေါက်သွားခဲ့သည်မှာ ဗန်းမော်မှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း သွားခဲ့ရသော ရေလမ်းခရီးသည်လည်း သာယာလှသည်။ ဗန်းမော်မြို့သည် တာပိန်မြစ်နှင့်ဧရာဝတီမြစ်တို့ ဆုံရာ၌ တည်ရှိပြီး မြို့ကို ၁၇ ရာစုကစ၍ ရှမ်းစော်ဘွားများက တည်ထောင်ခဲ့သည်ဟုသိရသည်။ တရုတ်နယ်စပ်နှင့် ၅၃ မိုင်မျှသာ ကွာဝေးသဖြင့် လည်းကောင်း၊ ဧရာဝတီမြစ်ကို အသုံးပြု၍ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးနှင့်အလွယ်တကူ ကူးသန်းသွားလာနိုင်သောကြောင့် လည်းကောင်း တိုးတက်စည်ကားလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ကချင်ပြည်နယ် ဗန်းမော်နှင့် ကသာတို့အား ဆက်သွယ်ထားသည့် စင်းခန်းတံတားကြီးကဲ့သို့ တံတားကြီးများ တည်ဆောက်ပေးထားသကဲ့သို့ ကားလမ်းများလည်း ပြည်နယ်အတွင်း မိုင်ပေါင်းထောင်နှင့်ချီ၍ ဖောက်လုပ်ပေးခဲ့သဖြင့် အဓိကဆက်သွယ်ရေးကားလမ်းမကြီးများနှင့်နှစ်ပေါင်းများစွာ အလှမ်းဝေးလျက်ရှိသော မြန်မာပြည်မြောက်ဖျားမှကချင်ပြည်နယ်သည် ပြည်တွင်းရော ပြည်ပ ဆက်သွယ်မှုပါရပြီး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတော့သည်။

**“ငြိမ်းချမ်းပါစေ ကချင်မြေ။”**

## ပြည်တွင်းသတင်း

✪ *ရှေ့ဖုံးမှ*

သဘော်ဖော်ယာချည်လုပ်ငန်း၊ ရေကြောင်း တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အမှိုက်သိမ်း ယာဉ်ငယ်နှစ်စင်းမှာ တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၈၀၀၀ ဖြင့် ဝယ်ယူခြင်းဖြစ်ပြီး ရေယာဉ်တစ်စင်းလျှင် အလျား ၁၂ မီတာ၊ အနံ ၂ ဒသမ ၅ မီတာ၊ ဇောက် တစ်မီတာ ရှိသည့်အပြင် မြင်းကောင်ရေ ၆၇ ရှိသော အင်ဂျင်တစ်လုံးကို တပ်ဆင်ထားသဖြင့် ခုတ်မောင်းရန်နှင့် ကမ်းနားတစ်လျှောက် မျောပါလာသည့် အမှိုက်နှင့်ဒိုက်များကို ဆယ်ယူစွန့်ပစ်နိုင်ရာ ဆိပ်ကမ်းသာယာလှပရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

၂၉ မီတာရှိ ပင်လယ်သွား တွန်း/ဆွဲ ရေယာဉ်သည် ပြင်သစ်နိုင်ငံ Bureau Varitas (BV) ၏ သတ်မှတ်ကြီးကြပ်မှုဖြင့် ပြည်နိုင်သူကုမ္ပဏီလီမိတက်မှ တရုတ်နိုင်ငံ Yangzhou Topniche Shipbuilding Co.,Ltd. ပိုင် သင်္ဘောကျင်း၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းရေယာဉ်သည် နိုင်ငံတကာစံနှုန်းအတိုင်း စက်ကိရိယာများ ပြည့်စုံစွာ တပ်ဆင်ထားသဖြင့် ၁ နာရီ ရေဂါလန် ၂၅၀၀၀၀ ကျော် မောင်းနှင်နိုင်သော မီးသတ်ပန့်ကြီး တစ်ခု တပ်ဆင်ထားရာ မီးငြိမ်းသတ်ရေးအတွက် စွမ်းအားကြီးမားပြီး ရေယာဉ်များနှင့် ကမ်းနားနယ်မြေ မီးလောင်မှုဖြစ်ပွားပါက နိုင်နင်းစွာ မီးငြိမ်းသတ်နိုင်ကြောင်းလည်း သိရသည်။ **(မြန်မာ့အလင်း)**

❍ *ကျော့ဖုံးမှ*

သုံးကြိမ်တွင် ဟံသာဝတီ၊ ရန်ကုန်နှင့်ဧရာဝတီအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ ယခု ဗိုလ်လုပွဲကို လာရောက်ကြည့်ရှုအားပေးမည့် ပရိသတ်များအတွက် စပွန်ဆာကုမ္ပဏီဖြစ်သော Ooredoo မှ ဟန်းဆက်သုံးလုံးနှင့် ဆင်းကတ် ၂၀ ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်။

❋ *ကျော့ဖုံးမှ*

တွေအပါအဝင် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမ၊ ကျန်းမာရေးကြီးကြပ်-၁ နဲ့ ကျန်းမာရေးကြီးကြပ် -၂ စတဲ့ ကျန်းမာရေး တာဝန်ရှိသူတွေနဲ့ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

**မေး ။ ။ ပြည်နယ် အတွင်းမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေကို ဘယ်လို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးထားပါသလဲ။**

ဖြေ ။ ။ ပြည်နယ်အတွင်းမှာရှိတဲ့ ကယ်ဆယ်ရေး စခန်းတွေနဲ့ ကြားညှပ်ကျေးရွာတွေမှာ ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးနိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ Mercy Malaysia၊ IRC၊ MRF အဖွဲ့တွေ ပူးပေါင်းပြီး ပေါင်းစပ်ရွေ့လျားဆေးအဖွဲ့ ၂၀ ဖွဲ့ ဖွဲ့စည်းပြီး ဆတ်ရိုးကျ၊ ဓာတ်ဆီတန်း၊ စက်ရုံစု၊ ဘောဒူဖ၊ သဲချောင်း၊ အုန်းတောကြီး၊ ခေါင်းဒုက္ကာ၊ ဆေးသမားတော်ကြီး၊ အနောက်စံပြ ကယ်ဆယ်ရေးစခန်းတွေကို တစ်ပတ်လျှင် ငါးရက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိပါတယ်။

စစ်တွေမြို့နယ်အတွင်း ကြားညှပ်ရွာတွေဖြစ်တဲ့ သဲချောင်း၊ သိန်းတန်၊ အုန်းရည်ဖော်၊ ပျားလည်ချောင်း၊ ချီလည်ပင်း၊ ဝါဘို၊ ကျက်တောပြင်၊ ဇော့ပူဂျာ၊ ပလ္လင်ပြင်၊ ဒေါင်းပြောက်ကေ၊ အောင်ဒိုင်၊ ဇော်မတက်၊ သုံးဆောင်ရွာ၊ ငတောက်တက်၊ တောဂံ၊ အောင်မင်္ဂလာစတဲ့ ကျေးရွာတွေကို တစ်ပတ်လျှင် တစ်ကြိမ်စီ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိပါတယ်။

ပေါက်တောမြို့နယ်မှာ ငှက်ချောင်း၊ ကြိမ်နီပြင်၊ အနောက်ရဲစတဲ့ ကယ်ဆယ်ရေးစခန်းတွေကို တစ်ပတ်မှာ သုံးကြိမ် စောင့်ရှောက်မှုပေးနေပါတယ်။

ရသေ့တောင် မြို့နယ်မှာ အနောက်ပြင်၊ ညောင်ပင်ကြီး၊ ချိန်ခါလီနဲ့ ကိုးတန်းကောက်ရွာတွေကို တစ်ပတ် တစ်ကြိမ်နဲ့ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မောင်တော၊ မြေပုံ၊ ကျောက်တော်မြို့နယ်တွေမှာရှိတဲ့ ကယ်ဆယ်ရေး စခန်းတွေကိုလည်း ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးလျက်ရှိပါတယ်။

အထူးစီမံချက်အနေနဲ့ သက္ကေပြင်ကယ်ဆယ်ရေးစခန်းနဲ့ ဆင်တက်မော်ကယ်ဆယ်ရေးစခန်းတွေကို ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

**မေး ။ ။ NGO၊ INGO တွေနဲ့ရော ဘယ်လိုပူးပေါင်းဆောင်ရွက်နေပါသလဲခင်ဗျာ။**

ဖြေ ။ ။ ရခိုင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနဟာ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေဖြစ်တဲ့WHO, UNICEF, UNFPA အဖွဲ့တွေနဲ့ပူးပေါင်းပြီး မြို့နယ်အားလုံးမှာ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုတွေပေးပါတယ်။ ပြည်ပ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေဖြစ်တဲ့ Malteser , ACF, Care Myanmar အဖွဲ့တွေဟာလည်း ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ဘူးသီးတောင်၊ မောင်တော ကျန်းမာရေးဦးစီးဌာနတွေနဲ့ ပူးပေါင်းပြီး ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ကယ်ဆယ်ရေးစခန်းတွေနဲ့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ Mercy Malaysia, IRC, ICRC, MRF တွေနဲ့အတူ မြန်မာနိုင်ငံက ပြည်တွင်းစေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေနဲ့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အရေးပေါ်ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ် အတွင်းမှာ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး ဘယ်လိုသတင်းထုတ်ပြန်မှုတွေ ဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ထူးခြားဖြစ်စဉ်တွေ၊ ကူးစက်ရောဂါသတင်း၊ သဘာဝဘေး အန္တရာယ်ကျရောက်မှုသတင်းတွေကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တွေကနေ နေ့စဉ်သတင်းရယူပါတယ်။ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ ကယ်ဆယ်ရေးစခန်းတွေမှာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဓာတ်ပုံမှတ်တမ်းတွေနဲ့ စုစည်း ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ကျန်းမာရေးဝန်ကြီးဌာနကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်သတင်းပို့လုပ်ငန်းတွေ ဆောင်ရွက်တဲ့အပြင် ပြည်နယ်ပြန်ကြားရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး လုပ်ငန်းဆောင်ရွက်မှုတွေကို ဓာတ်ပုံမှတ်တမ်းတွေနဲ့အတူ သတင်းထုတ်ပြန်ဆောင်ရွက်ပါတယ်။

**မေး ။ ။ သဘာဝ ဘေးအန္တရာယ် ကျရောက်ရင် ဘယ်လို ကျန်းမာရေး စောင့်ရှောက်မှုပေးဖို့နဲ့ ပတ်သက်ပြီး ဘယ်လိုကြိုတင်ပြင်ဆင်ထားပါသလဲခင်ဗျာ။**

ဖြေ ။ ။ သဘာဝ ဘေးအန္တရာယ် ဖြစ်ပွားလာခဲ့ရင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်ကို ကြိုတင်ရေးဆွဲထားပါတယ်။ အဲဒီစီမံချက်မှာ သတင်းရယူမှုအပိုင်း၊ ဆေးဝါးစုဆောင်းရေးအပိုင်း၊ ပြည်နယ်အဆင့် ရွေ့လျားဆေးအဖွဲ့ ဖွဲ့စည်းရေးအပိုင်း၊ လူနာတွေကို ညွှန်းပို့ရေးအပိုင်း၊ ပုဂ္ဂလိက ဆရာဝန်တွေ၊ ဆေးဆိုင်ဆေးခန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးအပိုင်းဆိုပြီး ရေးဆွဲထားပါတယ်။ သဘာဝဘေးအန္တရာယ် မကျရောက်မီအချိန်တွေဆိုရင် မြို့နယ်တွေကို သတင်းဖြန့်ဖြူးခြင်း၊ ရယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ စီမံချက်မှာပါတဲ့ ဆေးအဖွဲ့တွေကလည်း အရေးပေါ်သွားရောက်နိုင်ဖို့ ကြိုတင်စီစဉ်ထားပါတယ်။

သဘာဝဘေး ကျရောက်ပြီးတဲ့အချိန်မှာလူနာတွေကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့နဲ့ အရေးပေါ် လူနာညွှန်းပို့ခြင်းလုပ်ငန်းတွေအတွက်လည်း နှီးနွှယ်ဦးစီးဌာနတွေ၊ ပြည်တွင်း ပြည်ပစေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေ ပူးပေါင်းပြီး အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပါတယ်။ နောက်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဖြစ်ပွားတတ်တဲ့ ရောဂါတွေအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ စီမံထားရှိပါတယ်။

**မေး ။ ။ ရှေ့ဆက်ပြီး ဆောင်ရွက်မယ့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ ရှေ့ဆက် ဆောင်ရွက်မယ့် လုပ်ငန်းတွေ အနေနဲ့ကတော့ ဆေးရုံဆေးခန်းတွေ၊ ကျေးလက်ကျန်းမာရေးဌာနတွေ၊ ဌာနခွဲတွေ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ လက်ရှိဌာနတွေကို အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းအင်အားကိုလည်း ဒေသလူဦးရေနဲ့ကိုက်ညီတဲ့ အချိုးအရေအတွက် တိုးမြှင့်ခန့်ထားခြင်း၊ လူထုကျန်းမာရေးလုပ်ငန်းတွေနဲ့ အရန်သားဖွားဆရာမတွေလေ့ကျင့်မွေးထုတ်ပေးခြင်း၊ ကျန်းမာရေးဌာနမရှိတဲ့ ကျေးရွာတွေကို ရွေ့လျားအဖွဲ့တွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းတွေ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်သင်တန်းပေးခြင်း၊ ဝန်ထမ်းအိမ်ရာတွေ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ဆေးနှင့်ဆေးပစ္စည်းတွေ လုံလောက်စွာပံ့ပိုးပေးခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ဖို့ စီမံကိန်းတွေ ရေးဆွဲတင်ပြဆောင်ရွက်လျက်ရှိပါတယ်။

လက်တွေ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ကယ်ဆယ်ရေးစခန်းများရှိ တာဝန်ရှိသူများ၊ မိသားစုဝင်များနှင့်လည်း မေးမြန်းခဲ့ပါသည်-

**မအာနိဝါဘေဂွန်**
**ဘောဒူဖကယ်ဆယ်ရေးစခန်း**

ကျွန်မကတော့ ဒီကယ်ဆယ်ရေးစခန်းကဆေးခန်းကို ကလေးကာကွယ်ဆေးလာထိုးတာပါ။ ဒီဆေးခန်းမှာ တခြား နာမကျန်းသူတွေကိုလည်း အခမဲ့ ဆေးကုသပေးပါတယ်။ ဒီလို ကျန်းမာရေးစောင့်ရှောက်မှုတွေပေးတာ ကျေးဇူးတင်ပါတယ်။

**ဦးအာမက်ဟူဆန်**
**ဘောဒူဖကယ်ဆယ်ရေးစခန်း**

ကျွန်တော်ကတော့ ချောင်းဆိုး၊ ခါးကိုက်လို့ ဆေးခန်းပြဖို့ တိုကင်ယူပြီးစောင့်နေတာပါ။ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးလို့ ကျေးဇူးတင်ပါတယ်။ ဆေးခန်းပိတ်ရက်မရှိဘဲ ကျန်းမာရေး စောင့်ရှောက်စေချင်ပါတယ်။

**ဆရာမ ဒေါ်ခင်ညိုညိုမြိုင်**
**သားဖွားဆရာမ**
**ဘောဒူဖကယ်ဆယ်ရေးစခန်း**

အခု ကျွန်မတို့ဆေးခန်းက ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့အပြင် အခုလို တစ်နှစ်အောက်နဲ့ နှစ်နှစ်အောက်ကလေးတွေကိုလည်း ပုံမှန် ကာကွယ်ဆေးထိုးပေးနေပါတယ်။ ဒီစခန်းမှာ ကိုယ်ဝန်ဆောင်မိခင်တွေ နှစ်ရာကျော်ရှိတဲ့အတွက် ကိုယ်ဝန်ဆောင်မိခင်တွေကိုလည်း အနီးကပ်ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါတယ်။

**ဦးလှမောင်**
**ဘောဒူဖကယ်ဆယ်ရေးစခန်းတာဝန်ခံ**

ကျွန်တော်ကတော့ ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုအပြင် အခုလို ကာကွယ်ဆေးထိုးမယ့်နေ့ဆို စခန်းထဲက အိမ်ထောင်စုတိုင်းကို အသိပေးပါတယ်။ ရောဂါပြင်းရင် သက္ကေပြင်၊ ဒါးပိုင်ဆေးခန်းတွေကို သွားပြရပြီး အဲဒီကမနိုင်မှ မြို့ပေါ်ဆေးခန်းကိုသွားပါတယ်။ တစ်ခုပြောချင်တာက ကျွန်တော်တို့ဆီကနေ ဆေးရုံသွားဖို့လမ်းတွေ မကောင်းလို့တင်ပြထားပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ကတော့ အားလုံးအခမဲ့စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်။

**ဦးစောဝင်းမောင် ကျန်းမာရေးမှူး**
**အဆင့်-၁၊ မင်းဂံဒေသန္တရ**
**ကျန်းမာရေးဌာန**

ဝေးလံတဲ့ဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုပေးနိုင်အောင် လူထုကျန်းမာရေးစောင့်ရှောက်မှုသင်တန်း ဖွင့်လှစ်ပို့ချပေးနေတာပါ။ သဘာဝဘေးကျရောက်လာရင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ စာရင်းတွေ ကောက်ယူနိုင်ဖို့၊ ကျန်းမာရေးနဲ့ပတ်သက်လို့ ထူးခြားဖြစ်စဉ်တွေ အချိန်မီသတင်းပေးနိုင်ဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်ဖို့ သင်ကြားပေးနေတာပါ။

**ဆရာမဒေါ်ဆန်းဆန်းဦး**
**သားဖွားဆရာမ**
**ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း**

ကျွန်မတို့အဖွဲ့အနေနဲ့ ဒီကယ်ဆယ်ရေးစခန်းမှာနေပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို ၂၄ နာရီလုံးလုံး စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဒီဆတ်ရိုးကျကယ်ဆယ်ရေးစခန်းဆေးခန်းကို နံနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ ဖွင့်ပြီး ညပိုင်းတွေမှာလည်း လိုအပ်ရင် လိုအပ်သလို စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဒီကယ်ဆယ်ရေးစခန်းမှာ မိသားစုဝင်ဦးရေ ၃၇၀၀ ကျော် ရှိပါတယ်။

**မအေးဖြူ**
**ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း**

ကျွန်မကလေးနေမကောင်းလို့ ဆေးခန်းလာပြတာပါ။ အဆုတ်ရောင်တယ်လို့ပြောပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ အခမဲ့ ဆေးကုသခွင့်ရပါတယ်။ ဆရာ ဆရာမတွေနဲ့ ဆက်ဆံရတာလည်း အဆင်ပြေပါတယ်။ ကလေးအားဆေးတွေလည်း ပေးပါတယ်။ အခမဲ့ ဆေးကုသခွင့်ရလို့ ဝမ်းသာပါတယ်။ နိုင်ငံတော်နဲ့ တာဝန်ရှိသူတွေကို မိဘတွေလို ဆရာတွေလို သဘောထားပါတယ်။

**မစန္ဒာကျော်**
**ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း**

ဒီဆေးခန်းက ဆရာ ဆရာမတွေက လူကြီးပဲဖြစ်ဖြစ် ကလေးပဲဖြစ်ဖြစ် မိသားစုဝင်တွေလို အခမဲ့ဆေးကုသပေးလို့ ဝမ်းသာရပါတယ်။ အခု ကျွန်မကလေးအတွက် အားဆေးလာယူတာပါ။ ဒီကယ်ဆယ်ရေးစခန်းက မိသားစုတွေကို ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်ပေးလို့ ကျန်းမာရေးအတွက် စိုးရိမ်စရာမလိုတော့ဘူးပေ့ါ။ **မင်းမင်းဇော်(သတင်းစဉ်)**



ဆရာမ ဒေါ်ခင်ညိုညိုမြိုင်
သားဖွားဆရာမ
ဘောဒူဖကယ်ဆယ်ရေးစခန်း



မအာနိဝါဘေဂွန်
ဘောဒူဖ
ကယ်ဆယ်ရေးစခန်း



ဦးအာမက်ဟူဆန်
ဘောဒူဖ
ကယ်ဆယ်ရေးစခန်း



ဦးစောဝင်းမောင် ကျန်းမာရေးမှူး
အဆင့်-၁၊ မင်းဂံဒေသန္တရ
ကျန်းမာရေးဌာန



ဆရာမဒေါ်ဆန်းဆန်းဦး
သားဖွားဆရာမ
ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း



မအေးဖြူ
ဆတ်ရိုးကျ
ကယ်ဆယ်ရေးစခန်း

ပြည်တွင်းသတင်း

## နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် ပြည်နယ်ချစ်ကြည်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ခရိုင်ပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ ခရိုင်ပါတီအတွင်းရေးမှူး Mr. He Wei အဖွဲ့တို့သည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး ကချင်ပြည်နယ်နှင့် ထိန်ချုံးခရိုင်ဒေသနှစ်ခုအတွင်း နယ်စပ်ကုန်သွယ်ရေးဇုန်များတည်ထောင်ရေး၊ နယ်စပ်ဂိတ်များအဆင့်မြှင့်တင်ရေး၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြန်အလှန်ဆွေးနွေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**



## နန်းဖဲ-တော်ခူ-ကေကောလမ်းပေါ်ရှိ ချစ်ကြည်ရေးတံတားပြီးစီး

**လွိုင်ကော် စက်တင်ဘာ ၂၀**

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ငွေကျပ်သန်း ၅၀ အကုန်အကျခံဆောက်လုပ်ခဲ့သော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက်မှ ဘော်လခဲမြို့နယ် နန်းဖဲကျေးရွာ နန်းဖဲ-တော်ခူ-ကေကောလမ်းပေါ်ရှိ ချစ်ကြည်ရေးချောင်းကူးတံတား အရှည်ပေ၈၀၊ အကျယ် ၁၄ပေ သံကူကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးပြီဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် နန်းဖဲ၊ တော်ခူ၊ ကေကောကျေးရွာနေတိုင်းရင်းသားပြည်သူများ၏လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (ပြည်နယ် ပြန်/ဆက်)**

## မိုးသည်းထန်စွာရွာသွန်း၍ တောင်ပြိုမှုဖြစ်ပွား

**ရမည်းသင်း စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ပြည်ထောင်စုသားကုမ္ပဏီ YMT 255 လုပ်ကွက်တွင် စက်တင်ဘာ ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နံနက် ၆ နာရီ ၁၅ မိနစ်တွင် တောင်ပြိုကျသဖြင့် လူနှစ်ဦးသေဆုံးသွားမှုဖြစ်ပွားခဲ့သည်။ သေဆုံးသူများမှာ ဦးညို(၃၂ နှစ်) ငါးရွှဲတော်ကျေးရွာ နွားထိုးကြီးမြို့နယ်နှင့် စိုးထက်အောင်(၂၃ နှစ်)ပတ်လည်အင်းကျေးရွာ မတ္တရာမြို့နယ် နှစ်ဦးနေထိုင်သည့်တဲအတွင်း မြေပြိုကျမှုကြောင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ မြေပြိုကျသေဆုံးသူနှစ်ဦးအလောင်းကို ကုမ္ပဏီဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ရှိသူများနှင့်ရဲတပ်ဖွဲ့ဝင်များက ဆယ်ယူခဲ့ကြပြီး ခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ စက်တင်ဘာ ၂၆ ရက် နံနက်တွင် သီလဝ လူမှုရေးအသင်းကားဖြင့် သေဆုံးသူများ၏ မြို့နယ်များသို့ သွားရောက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၁၁)**

## ပုလောမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းကြီးပြီး စက်လှေနစ်မြုပ်

**မြိတ် စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ရှပ်ပုံကျေးရွာအုပ်စု သမုတ်တောင်ကျေးရွာ ဖိုးရှမ်းဘုရားအနီးပင်လယ်ပြင်၌ စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းများတိုက်ခတ်မှုကြောင့် လှိုင်းကြီးပြီးစက်လှေနစ်မြုပ်မှုဖြစ်ပွားကာ တစ်ဦးသေဆုံးပြီး တစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခန့်က ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက် ရွှေပင်လယ်လမ်းနေ အောင်စိုးနိုင်(၃၅ နှစ်) ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာအုပ်စု ကျောက်သဘော်ရွာမှ ၄င်းပိုင်အလျား ၂၄ ပေ၊ အနံ ၆ ပေခွဲ၊ ရေစူးတစ်ပေခွဲခန့်ရှိ စက်လှေဖြင့်ထင်းနှင့် မီးသွေးများတင်ဆောင်ပြီး ကျောက်သဘော်ရွာနေ သန်းလွင်(ခ)ဇာနီအက်(၁၆ နှစ်)နှင့်အတူ စက်လှေကို အောင်စိုးနိုင်က မောင်းနှင်၍ထွက်ခွာလာရာ ပုလောမြို့နယ် ရှပ်ပုံကျေးရွာအုပ်စု သမုတ်တောင်ကျေးရွာ ဖိုးရှမ်းဘုရားအနီးပင်လယ်ပြင်အရောက်တွင် မိုးများသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်ကာ လှိုင်းကြီးပြီး စက်လှေမှာနစ်မြုပ်သွားသဖြင့် အောင်စိုးနိုင်နှင့် သန်းလွင်တို့နှစ်ဦးမှာ စက်လှေပေါ်မှခုန်ချကာ ကမ်းစပ်သို့ကူးခတ်စဉ် အောင်စိုးနိုင်မှာ ရေနစ်မြုပ်ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေခဲ့ရာ စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် အောင်စိုးနိုင်၏အလောင်းအား ဖိုးရှမ်းဘုရားကမ်းစပ်တွင် တွေ့ရှိဆယ်ယူကာ ပုလောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပုလောမြို့မရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် သိရှိနိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး**

## သီပေါ၌ အီဘိုလာရောဂါ အသိပညာပေး

**သီပေါ စက်တင်ဘာ ၂၀**

ကူးစက်မှုနှုန်းမြန်ဆန်ပြီး လူသားများ၏ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်အထိ ပြင်းထန်သော အီဘိုလာ (Ebola) ရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး သီပေါမြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာညွန့်ဦးမောင်က အီဘိုလာရောဂါအမျိုးအစားများနှင့် ရောဂါကူးစက်ပုံကူးစက်နည်းနှင့် ကာကွယ်ရန်၊ ရောဂါရှိသူကို ကိုင်တွယ်ရမည့်နည်းစနစ်များ၊ ရောဂါကူးစက်ခြင်းစက်ကွင်းများကို အသေးစိတ်ရှင်းလင်းပြီး အဆိုပါရောဂါဖြင့် ကမ္ဘာပေါ်တွင် လူအမြောက်အမြား သေဆုံးပြီးဖြစ်ကြောင်း၊ ကူးစက်မှုမြန်ဆန်သော ရောဂါဖြစ်သော်လည်း ကြောက်စရာမလိုကြောင်း၊ သို့ရာတွင် မပေါ့ဆသင့်ကြောင်း၊ မိမိပတ်ဝန်းကျင်၌လည်း ကူးစက်နိုင်သည်ဖြစ်၍ အသိပညာပေးကြရမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားပါက ထိန်းချုပ်နိုင်ရန် ရောဂါရှိသူကို စနစ်တကျအထူးဂရုစိုက်ကိုင်တွယ် ပြုစုရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့ပေါ်(၁၁)ရပ်ကွက်နှင့် အလယ်တန်း၊ မူလတန်းကျောင်းများသို့ ဆက်လက်ပညာပေး ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် စက်တင်ဘာ ၁၉ ရက် နံနက်က ရွှေသိမ်တော်ချောင်းမှ တောင်ပုံရေတံခါးသို့ ရေစီးဆင်းရာတွင် ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေလွှမ်းမိုးမှုများ မဖြစ်ပေါ်စေရန် Backhole Loader စက်ကြီးဖြင့် ချောင်းအတွင်း အမှိုက်သရိုက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းစဉ်။**

အိအိစိုး(ချောင်းဦး)

## အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

**အမည်မှန်** လွိုင်ကော်မြို့၊ ဒေါတမရပ်ကွက်၊ ဦးကြည်သိန်း၏သမီး အလက(၁)တွဲဖက်(အထက)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဆုပြည့်စုံ၏ အမည်မှန်မှာ မအေးပြည့်စုံ ၂/လကန(နိုင်)၀၉၂၉၃၂ ဖြစ်ပါကြောင်း။ **မအေးပြည့်စုံ**

### ကန့်ကွက်နိုင်ပါသည်


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ အမှတ်(၂)လမ်း၊ မြေကွက်အမှတ်(၂၉)၊ အကျယ်(အလျားပေ ၄၀×အနံပေ ၆၀)ရှိ ဒေါ်ခင်လှဲ့ဝင်း ၁၂/ကမရ(နိုင်)၀၂၅၇၇၃ အမည်ပေါက် ပါမစ်မြေကွက်အား ၂၉-၂-၂၀၁၂ ရက်စွဲပါ “နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်”ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ညို(ခ) ဒေါ်ပတ္တမြားခင် ၁၂/မဂတ(နိုင်)၀၃၁၁၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**


**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L(အထက်တန်းရှေ့နေ)**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ် (၃၀၆) မြေပေါ်ရှိ ပေ(၄၀×၆၀)မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြေချပါမစ်အမည်ပေါက်သူ ဦးစံအောင်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနိုင်လင်းကျော် ၅/မမန(နိုင်)၀၇၄၇၉၆ မှ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာလုံလောက်သော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုသောင်း ၁၂/ဥကတ(နိုင်)၀၄၆၃၆၀**
**အမှတ်-၉၈၈၊ သုမဟ္မာလမ်းမကြီး၊ ၈၂-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊**
**ဖုန်း-၀၉-၅၁၆၃၉၇၂**




**ဖခင်အမည်မှန်** အထက(၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် န၀မတန်း (A) မှ မခင်ဝါဝါမျိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၁၂/မဂတ(နိုင်)၀၇၉၂၉၄ ဖြစ်ပါကြောင်း။

## လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၉၂) မြေကွက်ရရှိထားသူ ဦးစိုးသိန်း ၁၂/အစန(နိုင်)၀၂၃၅၄၈ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂၈)၊ မြေကွက်အမှတ် (၃၇၃) မြေကွက်ရရှိထားသူ ဦးထွန်းကြည် ၁၂/အစန(နိုင်)၁၃၃၀၈၈ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၁၃၉) မြေကွက်ရရှိထားသူ ဦးငွေဝင်း ၁၂/မဂဒ(နိုင်)၀၄၆၈၂၀ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၂၂၊ မြေအမည်ပေါက် ဦးခင်အောင် ၁၀/မဒန(နိုင်)၀၀၅၈၀၀၆ကွယ်လွန် ဇနီးဖြစ်သူ ဒေါ်ဝင်းရီ ၁၀/မဒန (နိုင်)၀၀၅၆၀၉ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားခုနစ်စင်းကျိုး၍ လူသုံးဦးသေဆုံးမှုဖြစ်ပွား

**ကသာ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မိုးသည်းထန်းစွာ ရွာသွန်းသောကြောင့် တံတားခုနစ်စင်းကျိုး၍ လူသုံးဦးသေဆုံးမှု စက်တင်ဘာ ၁၈ ရက် နံနက် ၂ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်တွင် မိုးရွာသွန်းမှုမှာ မိုးရေချိန် ၄ ဒသမ ၉၂ လက်မ၊ ဗန်းမောက်မြို့နယ်တွင် ၄ ဒသမ ၉၇ လက်မရှိ၍ကသာ၊ ဗန်းမော်ကားလမ်းမရှိ ပေါမမြိုင်ကျေးရွာတွင် သံကူကွန်ကရစ်တံတား အရှည်ပေ ၁၃၀၊ အကျယ် ၁၈ ပေ၊ လမ်းခွကျေးရွာရှိ သံကူကွန်ကရစ်တံတားအရှည်ပေ ၁၂၀၊ အကျယ် ၂၈ ပေ၊ မင်းလယ်ကျေးရွာရှိ သစ်သားတံတားအရှည်ပေ ၁၀၀ ၊ အကျယ် ၁၄ ပေ၊ ကသာမြို့တွင်းရှိ ပြည်သာယာရပ်ကွက်အမှတ်-၃ ခရိုင်ချင်းဆက်လမ်း အသုံးပြုသော သွေးသောက်ကူတံတားအုတ်ခုံ သစ်သားတံတားအရှည်ပေ ၁၄၀၊ အကျယ် ၁၄ ပေ၊ မိဿလင်းအုပ်စု ပေကုန်တွင်သစ်သားတံတားအရှည် ပေ ၈၀၊ အကျယ် ၁၄ ပေနှင့် ကပ္ပလိပ်ကျေးရွာရှိ သစ်သားတံတားအရှည် ၁၂၆ပေ၊ အကျယ် ၁၄ ပေ၊ လမ်းခွကျေးရွာနှင့်အင်းတော်မြို့နယ် ဖြတ်သန်းတံတားအမှတ် ၅/၉တွင်းရှိ အရှည်ပေ၂၀၊ အကျယ် ၂၈ ပေ စုစုပေါင်း တံတားခုနစ်စင်းကျိုးပြတ်ပျက်စီးသွားခဲ့ပြီး ပြည်သာယာရပ်ကွက်ရှိ လူနေအိမ်လေးလုံးအိုးမဲ့အိမ်မဲ့ဖြစ်၍ ဒေါ်ခင်သိန်းမြင့်( ၅၈)နှစ်၊ မခင်မျိုးကြည်(၂၃)နှစ်၊ နတ်လှိုင်ကျေးရွာနေသူ မောင်ရန်အေးဆိုသူတို့ သေဆုံးသွားကြောင်း သိရသည်။



ကသာ-ဗန်းမော် ကားလမ်းမ ပေါမမြိုင်ကျေးရွာ အရှည်ပေ ၁၃၀၊ အကျယ် ၁၈ပေရှိ သံကူကွန်ကရစ်တံတား ကျိုးကျနေသည်ကို တွေ့ရစဉ်။

ထိုပြင် စိုက်ပျိုးထားရှိသော စပါးခင်းအချို့ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိများနှင့် ကယ်ဆယ်ရေးအဖွဲ့သားများ နေရာဒေသအလိုက်ခွဲ၍ ကျန်းမာရေး ကယ်ဆယ်ရေးလုပ်ငန်းများနှင့် လူမှုကူညီရေး ပရဟိတအဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့်အဖွဲ့က စက်တင်ဘာ ၂၀ ရက်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်ရေတိုက်စား

**မော်လူး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်နှစ်လုံး ရေတိုက်စားပြီး နွားလေးကောင် သေဆုံးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၈ရက် နံနက် ၃ နာရီက စတင်ရွာသွန်းသည့် မိုးကြောင့် နံနက် ၄ နာရီတွင်တုံးလုံကျေးရွာ အရှေ့ဘက်တောင်တန်းမှ ချောင်းဖျားခံကာ စီးဆင်းလာသည့် ပုန်းဟုန်ချောင်းရေတိုက်စားမှုကြောင့် ပုန်းဟုန်ကျေးရွာရှိ ဒေါ်မပန်းနေအိမ်ပြိုကျခဲ့ပြီး အိမ်အောက်တွင် ချည်ထားသည့် နွားမနှစ်ကောင်မှာ အိမ်ပိ၍ သေဆုံးခဲ့ကြောင်း၊ ဦးသန်းဝင်း၏နေအိမ်မှာ ရေတိုက်စားမှုကြောင့် အိမ်တိုင်များ ယိမ်းယိုင်သွားကာ ဦးမင်းအောင်၏ဆန်စက်မှာ ရေနစ်မြုပ်ခဲ့ကြောင်း၊ အလားတူ ဦးစိုးအောင်ပိုင် ခိုင်းနွားတစ်ရှဉ်းမှာလည်း ရေနစ်သေဆုံးခဲ့ကြောင်း၊ ပုန်းဟုန်ချောင်းရေ ရေကြီးရေလျှံမှုကြောင့် ကျေးရွာတွင်း စိုက်ထူသွယ်တန်းထားသော လျှပ်စစ်ဓာတ်တိုင်များနှင့် လျှပ်စစ်မီးကြိုးများ လဲကျပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း၊ ချောင်းကူးတံတားနှစ်စင်းမှာလည်း ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ပုန်းဟုန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ပိတ်ထားရကြောင်း သိရသည်။ **ခင်မောင်ဆွေ**

# စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းမရှိစေရန် ဆောင်ရွက်

**ပျဉ်းမနား စက်တင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ မြို့တွင်းအဓိကလမ်းများဖြစ်သည့် ဗိုလ်တာရာလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တောက်ထိန်လမ်းတို့တွင် ရပ်ကွက်နေပြည်သူများက စည်းကမ်းမဲ့အမှိုက်များ လမ်းဆုံနေရာများသို့ လာရောက်စွန့်ပစ်ထားရှိခြင်းကြောင့် လမ်းမကြီးများအပေါ်၌ အမှိုက်များ စုပုံနေသည့်အတွက် အမြင်တင့်တယ်မှုမရှိဘဲ မြို့ကို အရုပ်ဆိုးအကျည်းတန်လျက်ရှိသည့်အပြင် ၎င်းအမှိုက်များမှ ထွက်ရှိလာသော အနံ့အသက်ဆိုးများကြောင့် ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုများဖြစ်ပေါ်လာနိုင်သည်။

သို့ဖြစ်၍ မြို့ပေါ်ရပ်ကွက်နေပြည်သူများအနေဖြင့် ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက နေ့စဉ် နံနက် ၇ နာရီမှစတင်၍ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဖြင့် အမှိုက်သိမ်းဆည်းပေးချိန်မှသာ အမှိုက်များကို အမှိုက်သိမ်းယာဉ်ပေါ်သို့ တိုက်ရိုက်စွန့်ပစ်သွားရန်၊ စက်တင်ဘာ ၂၃ ရက်မှစ၍ လမ်းထိပ်များသို့ ညပိုင်းအချိန်များတွင် အမှိုက်များကို စည်းကမ်းမဲ့လာရောက်စွန့်ပစ်ခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ကို စက်တင်ဘာ ၃၀ ရက်အထိ တစ်နေ့နှစ်ကြိမ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်မှစတင်၍ တစ်နေ့တစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အသိပေးကြေညာချက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

# လမ်းဖြတ်ကူးသူ ယာဉ်တိုက်ခံရသဖြင့် သေဆုံး

**ရန်ကုန် စက်တင်ဘာ ၂၀**

စမ်းချောင်းမြို့နယ်အတွင်း စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က ပြည်လမ်းအတိုင်းမြောက်မှတောင်သို့ မြောက်ဥက္ကလာပမြို့နယ်နေ ယာဉ်မောင်း ဦးကြည်လွင်ဦး(၅၂ နှစ်)မောင်းနှင်လာသော 8G.........စူပါကာစတန်ယာဉ်သည် မဟာမြိုင်မှတ်တိုင်အလွန် လူကူးမျဉ်းကျားအရောက် လမ်းဖြတ်ကူးသူ ဒေါ်ခွန်ဂျာ(၆၀ နှစ်)ကို တိုက်မိခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ တိုက်မိမှုကြောင့် ဒေါ်ခွန်ဂျာမှာဦးခေါင်းဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူယာဉ်မောင်း ဦးကြည်လွင်ဦးအား စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**




# ရိုးမားတို့ နိုင်ပွဲဆက်မယ့် စီးရီးအေပွဲစဉ်(၃)

စီးရီးအေပွဲစဉ်(၃) လက်ကျန်ပွဲစဉ်တွေကို စက်တင်ဘာ ၂၁ ရက် ညပိုင်းနဲ့ ၂၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။ ဒီပွဲမှာ အမှတ်ပြည့်ရယူမယ့် ရိုးမား၊ နာပိုလီတို့ရဲ့ စွမ်းဆောင်မှုတွေက မျှော်လင့်ထားသလိုဖြစ်လာမလားဆိုတာက စောင့်ကြည့်ရမှာဖြစ်သလို အင်တာမီလန်ရဲ့ ရုန်းကန်မှုအား ဘယ်လောက်ကောင်းမလဲဆိုတာကို မြင်တွေ့ရဦးမှာ ဖြစ်ပါတယ်။

**ရိုးမားနှင့် ကက်ဂလီယာရီ**

ရိုးမားဟာ ကက်ဂလီယာရီကို ဖိအားပေးကစားနိုင်တဲ့အား ရှိပါတယ်။ ရိုးမားရဲ့ ဒီရော့စီနဲ့ရိုလန်တို့ရဲ့ အတွဲညီမှုတွေက ပြိုင်ဘက်တွေကို ကောင်းကောင်းဒုက္ခပေးနိုင်တဲ့ စွမ်းအင်တွေပါပဲ။ နိုင်ပွဲတွေဆက်နေတဲ့ ရိုးမားတို့ဟာ ကက်ဂလီယာရီတို့ကို မျှော်လင့်ချက်တွေ ပျောက်ဆုံးစေမယ့်အနေအထားပါပဲ။

**ချီယေဗိုနှင့် ပါးမား**

အဝေးကွင်းမှာ ခြေပျက်တတ်တဲ့ ပါးမားဟာ ခြေတက်နေတဲ့ ချီယေဗိုကို ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပါတယ်။ ချီယေဗိုရဲ့ ကစားအားက မထင်မှတ်ဘဲ ခြေစွမ်းပြလေ့ရှိတာမို့ ပါးမားတို့အတွက် တစ်မှတ်ရဖို့တောင် မလွယ်တဲ့အခြေအနေနဲ့ ကြုံတွေ့နိုင်ပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ပါးမားတို့ အခုပွဲလည်း အမှတ်မရနိုင်သေးပါဘူး။

**ဂျီနိုအာနှင့် လာဇီယို**

နှစ်သင်းစလုံးနိုင်ပွဲတွေကိုယ်စီရပြီး ခြေစွမ်းတွေပြနိုင်နေကြပါတယ်။ လာဇီယိုဟာ အဝေးကွင်းရလဒ်မကောင်းတတ်တာကို သတိပြုရမှာဖြစ်သလို ဂျီနိုအာရဲ့တိုက်စစ်ကလည်း တစ်ခါတစ်ရံဆုံးရှုံးမှုတွေ များနေတတ်တာကြောင့် နှစ်သင်းစလုံးအပြန်အလှန် သတိထားကစားရမယ့်ပွဲပါ။ ဂျီနိုအာရဲ့ အိမ်ကွင်းအားသာချက်က အသိအမှတ်ပြုစရာကောင်းပါတယ်။

**အူဒီးနိစ်နှင့် နာပိုလီ**

နာပိုလီရဲ့ လက်ရှိခြေစွမ်းက ကောင်းမွန်နေပေမယ့် အူဒီးနိစ်နဲ့ဆုံတိုင်းနိုင်ပွဲမရတတ်ပါဘူး။ နာပိုလီရဲ့ ဟီဂူအင်ကလည်း ဂိုးသွင်းခြေမမှန်တာမို့ အားထားလို့တော့ မရတဲ့အနေအထားဖြစ်နေပါတယ်။ အူဒီးနိစ်ရဲ့အိမ်ကွင်းနောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲသာရှုံးထားတာမို့ အိမ်ရှင်ကိုယုံကြည်ပြီး အားပေးရမှာပဲ ဖြစ်ပါတယ်။

**အတ္တလန်တာနှင့် ဖီအိုရင်တီးနား**

တိုက်စစ်မှူး ဂိုမက်ဇ် ဂိုးဈေးဦးမပေါက်သေးတာက ဖီအိုရင်တီးနားတို့အတွက် စိတ်ပျက်စရာပါ။ ဖီအိုရင်တီးနားဟာ အဝေးကွင်းမှာ အနိုင်ရအောင်ကစားနိုင်ပေမယ့် နောက်ဆုံးငါးပွဲမှာ ရှုံးပွဲမရှိသေးတဲ့ အတ္တလန်တာရဲ့ ကြိုးစားမှုကလည်း ကျေနပ်စရာဖြစ်နေပါတယ်။ ဖီအိုရင်တီးနားရဲ့ အသင်းလိုက်စုစည်းအားထုတ်မှုအပိုင်းက ကောင်းမွန်နေတာမို့ ညှော်သည်တို့အမှတ်ရယူနိုင်မယ့်ပွဲ ဖြစ်ပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

## မန်စီးတီးနှင့်အတူ ချန်ပီယံလိဂ်ဖလားရလိုကြောင်း ကွင်းလယ်ကစားသမား တိုရေးပြောကြား

မိမိတို့အား ထောက်ခံအားပေးနေသော ပရိသတ်ကို တုံ့ပြန်သောအားဖြင့် မန်စီးတီးနှင့်အတူ ချန်ပီယံလိဂ်ဖလားရလိုကြောင်း ယာယာတိုရေးက ပြောဆိုလိုက်သည်။ အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမား



ယာယာတိုရေးသည် ဘိုင်ယန်မြူးနစ်နှင့် ချန်ပီယံလိဂ်အဖွင့်ပွဲကစားရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ဝေဖန်ခံခဲ့ရသည်။ "ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်က ချန်ပီယံလိဂ်ဖလားရဖို့ပါ။ ပရိသတ်တွေအတွက် ဒီဖလားရစေချင်ပါတယ်။ ရအောင်လည်းကြိုးစားသွားမှာပါ"ဟု ယာယာတိုရေးက ပြောသည်။ ၂၀၁၀ ပြည့်နှစ်က ပေါင် ၂၄ သန်းဖြင့် ဘာစီလိုနာမှ ပြောင်းရွှေ့လာခဲ့ရာ ပြီးခဲ့သည့်နှစ်က ၎င်းအား လေးနှစ်စာချုပ်တိုးထားသဖြင့် ၂၀၁၇ ခုနှစ်အထိ ကစားရမည်ဖြစ်သည်။

တိုရေး၏ကစားပုံကြောင့် ဘိုင်ယန်မြူးနစ်ကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ပေါလ်စခိုးလ်က ဝေဖန်ပြောကြားသည်။ "သူကစားပုံက ဘာမှစိတ်ဝင်စားဖွယ် မကောင်းပါဘူးဗျာ"ဟု ပေါလ်စခိုးလ်က ဆိုသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၅)** — **စက်တင်ဘာ ၂၁**

| | | | |
|---|---|---|---|
| လက်စတာ | - | မန်ယူ | ည ၇း၀၀ |
| စပါး | - | ဝက်စ်ဘရွန်း | ည ၇း၀၀ |
| အဲဗာတန် | - | ပဲလေ့စ် | ည ၉း၃၀ |
| မန်စီးတီး | - | ချယ်လ်ဆီး | ည ၉း၃၀ |

**ပြင်သစ်လီဂူး ပွဲစဉ်(၆)** — **စက်တင်ဘာ ၂၁/၂၂**

| | | | |
|---|---|---|---|
| လိုင်လီ | - | မောင့်ပယ်လီယာ | ညနေ ၆း၃၀ |
| လန်းစ် | - | စိန့်အက်တီယန် | ည ၉း၃၀ |
| မိုနာကို | - | ဂူအင်ဂမ့် | ည ၉း၃၀ |
| ပီအက်စ်ဂျီ | - | လိုင်ယွန် | နံနက် ၁း၃၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၄)** — **စက်တင်ဘာ ၂၁**

| | | | |
|---|---|---|---|
| ဝုဖ်ဘတ် | - | လေဗာကူဆင် | ည ၈း၀၀ |
| ကိုလုံး | - | ဂလက်ဘတ် | ည ၁၀း၀၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၃)** — **စက်တင်ဘာ ၂၁/၂၂**

| | | | |
|---|---|---|---|
| ချီယေဗို | - | ပါးမား | ညနေ ၅း၀၀ |
| ဂျီနိုအာ | - | လာဇီယို | ည ၇း၃၀ |
| ရိုးမား | - | ကက်ဂလီယာရီ | ည ၇း၃၀ |
| ဆက်ဆူအိုလို | - | ဆမ့်ဒိုးရီးယား | ည ၇း၃၀ |
| အတ္တလန်တာ | - | ဖီအိုရင်တီးနား | ည ၁၀း၃၀ |
| အူဒီးနိစ် | - | နာပိုလီ | ည ၁၀း၃၀ |
| ပါလာမို | - | အင်တာ | နံနက် ၁း၁၅ |
| တိုရီနို | - | ဗီရိုနာ | နံနက် ၁း၁၅ |

**စပိန်လာလီဂါ ပွဲစဉ်(၄)** — **စက်တင်ဘာ ၂၁/၂၂**

| | | | |
|---|---|---|---|
| ဆိုစီဒက် | - | အယ်လ်မာရီးယား | ညနေ ၄း၃၀ |
| ဗီလာရီးရဲလ် | - | ဗယ်လက်ကာနို | ည ၉း၃၀ |
| ကော်ဒိုဘာ | - | ဆီဗီလာ | ည ၁၁း၃၀ |
| လီဗန်တေး | - | ဘာစီလိုနာ | နံနက် ၁း၃၀ |

**စက်တင်ဘာ ၂၀ ဂိုးရလဒ်များ**

| | | |
|---|---|---|
| ဘော်ဒိုး | ၂-၁ | အီဗီယန် |
| ဖရိုင်းဘတ် | ၂-၂ | ဟာသာဘာလင် |
| အယ်လ်ချီ | ၀-၂ | အီဘာ |

## စီရိုနယ်ဒိုအား မန်ယူပြန်ခေါ်ဖွယ်ရှိ

တိုက်စစ်မှူးစီရိုနယ်ဒိုအား စာချုပ်ခေါ်ယူနိုင်ဖွယ်ရှိကြောင်း မန်ယူနည်းပြ ဗန်ဟားလ်က ပြောကြားလိုက်သည်။ သို့သော်လည်း ရီးရဲမက်ဒရစ်က ရောင်းချဖွယ်မရှိဟု ဆိုသည်။ အသက် ၂၉ နှစ်ရှိ စီရိုနယ်ဒိုအား မန်ယူက ပြန်လည်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ စီရိုနယ်ဒိုသည် ၂၀၀၉ ခုနှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ စီရိုနယ်ဒိုသည် ယခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းအား ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။




**ပြင်ဆင်ဖတ်ရှုပါရန်**

၁၄-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၁)တွင်ပါရှိသော မြောက်ဦးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊အိတ်ဖွင့်တင်ဒါကြော်ငြာတွင်တင်ဒါလျှောက်လွှာဖွင့်မည့်ရက် ၂၇-၉-၂၀၁၄ရက် ၁၀း၀၀နာရီအစား ၂၆-၉-၂၀၁၄ရက် ၁၅း၀၀ နာရီ ဟုပြင်ဆင်ဖတ်ရှုပါရန်။

**မသက်ဆိုင်တော့ပါ**

ငယ်စဉ်ခါမှ ကြည့်ရှုစောင့်ရှောက်ခဲ့ရသော ဦးမောင်ငယ်၏သမီး အသက် (၁၉)နှစ် မပူစူးသည် လူကြီးများ၏ဆုံးမမှုကို လုံးဝမနာခံဘဲမိမိသဘောအရ ၁၁-၉-၂၀၁၄ရက်တွင် နေအိမ်မှ ထွက်သွားသဖြင့် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ အိမ်သို့ပြန်လာလျှင် လုံးဝလက်မခံပါ။

**ဒေါ်ခင်နွယ်အေး**
**၉/မမန(နိုင်)၀၁၃၇၄၄**

**CLAIMS DAY NOTICE**
**M.V CITY OF MUMBAI VOY: NO(11)**

Consignees of cargo carried by M.V CITY OF MUMBAI VOY:NO(11) are here by notified that the vessel will arrive on about 23-9-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADINGများ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်**

ဦးထွန်းလှ ၈/မကန(နိုင်)၁၀၃၁၉၅သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မိမိတစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။



မှတ်ပုံတင်အမှတ်– ၄ / ၁၀၆၉၃ / ၂၀၁၄

အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီအစရှိသည့် လူမျိုးမရွေး၊ ဘာသာမရွေး စားသုံးနိုင်သည့် ဆီအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာ၌ အထက်ပါကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့်ပြုလုပ်၍ မြန်မာပြည်တစ်ဝန်းလုံး ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိပါသည်။ ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ဖြန့်ချိရောင်းချဖြန့်ဖြူးရာ၌ အဆိုပါဆီများ ထည့်သွင်း၊ ထုပ်ပိုးရာတွင် အသုံးပြုသည့် ပလတ်စတစ်ဘူး၊ စက္ကူဘူး၊ စက္ကူထုပ်၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ် အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ယင်းဆီများ ဖြန့်ချိရောင်းချဖြန့်ဖြူးရာ၌ အသုံးပြုသည့် စာရွက်စာတမ်းအမျိုးမျိုး၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ အရွယ်အစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်ဖော်ပြ၍လည်း အသုံးပြုလျက်ရှိပါသည်။

ဦးထွန်းလှ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးကဖြစ်စေ၊ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်ဝင်းလွင်**
**Lawyer & Legal Consultant**
**PIONEER LAW FIRM**
**အမှတ်(၁၅၁)၊ ဒုတိယထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ကြော်ငြာ


DAGON CITY 1
Dagon City Makes Myanmar More Beautiful
DAGON CITY 1
SHOWROOM
NOW OPEN
Dagon City 1 showroom အား
ယခုဖွင့်လှစ်လိုက်ပါပြီ။
အဆင့်မြင့် Residential အိမ်ခန်းများကို ရယူပိုင်ဆိုင်ပြီး
Mercedes Benz ရရှိနိုင်မည့် အထူးအခွင့်အရေး
Exclusively at the Dagon City 1 Open Day :
9:00 a.m,
27th September, 2014
OWN A PIECE OF PRESTIGE AND
GET A CHANCE TO WIN A MERCEDES BENZ!
Also Featuring Dagon City 1 Brand Ambassador Eindra Kyaw Zin,
Beauty Queens, International Entertainment,
Lucky Draws and Many More Surprises!
Pre-Registration required!
Call +95 9 2544 28883 to reserve a seat.
WIN
MERCEDES BENZ
2014 C-CLASS
NEW MODEL
MARGA LANDMARK
DAGON CITY 1
GALLERY SHOWROOM ADDRESS:
U Htaung Bo Circle, No. 61, 63, Zoological Garden Road,
Dagon Township, Yangon.
WWW.DAGONCITY1.COM

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board
## နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့်ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့်ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ဖော်ပြခြင်းဖြစ်ပါသည်။

**ဝန်ထမ်းမှတ်တမ်းစာအုပ်ထိန်းသိမ်းခြင်း**

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂၄)တွင် ဝန်ထမ်းမှတ်တမ်းစာအုပ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၇၅ မှ နည်းဥပဒေ ၂၈၈ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါနည်းဥပဒေအချို့ကို ကောက်နုတ်၍ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၂၇၅။ ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရသူတိုင်းအတွက် ဝန်ထမ်းမှတ်တမ်းစာအုပ်ထားရှိရမည်။ ဝန်ထမ်းမှတ်တမ်းစာအုပ်ကို ဝန်ထမ်းက မိမိ၏ ငွေဖြင့် ဝယ်ယူရမည်။ အရာထမ်းအဆင့်၊ အမှုထမ်းအဆင့်ဝန်ထမ်းများအားလုံးအတွက် အကျုံးဝင်သည်။

နည်းဥပဒေ ၂၇၇။ ဝန်ထမ်းမှတ်တမ်းစာအုပ်ကို ထိန်းသိမ်းထားရှိရန် ဝန်ထမ်းတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးတွင် တာဝန်ရှိသည်။ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဤတာဝန်ကို သင့်လျော်မည့် ဝန်ထမ်းတစ်ဦးကို လွှဲပြောင်းပေးအပ်နိုင်သည်။

နည်းဥပဒေ ၂၇၈။ ဝန်ထမ်း၏ မွေးသက္ကရာဇ်ကို ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ရေးသွင်းရာ၌-

(က) မွေးသက္ကရာဇ်ကို အောက်ပါစာရွက်စာတမ်းအထောက်အထား တစ်ခုခုဖြင့် တိုက်ဆိုင်စိစစ်ပြီးမှသာ ရေးသွင်းရမည်-
- (၁) မွေးစာရင်းလက်မှတ်၊
- (၂) ကျောင်းဝင်မှတ်ပုံတင်ထောက်ခံချက်၊
- (၃) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ခ) မွေးဖွားသည့် ခုနှစ်နှင့် လကိုသာသိ၍ မွေးဖွားသည့် ရက်စွဲကို မသိသည့် ဝန်ထမ်း၏ကိစ္စတွင် ထိုမွေးဖွားသည့်လ၏ ၁၆ ရက်နေ့ကို မွေးဖွားသည့်ရက်စွဲအဖြစ် မှတ်ယူရမည်။

(ဂ) မွေးဖွားသည့်ခုနှစ်ကိုသာသိ၍ မွေးဖွားသည့်လနှင့်ရက်စွဲကို မသိသည့် ဝန်ထမ်း၏ကိစ္စ၌ မွေးဖွားသည့်နှစ်၏ ဇူလိုင်လ ၁ ရက်နေ့ကို မွေးဖွားသည့်ရက်စွဲအဖြစ် မှတ်ယူရမည်။

(ဃ) မွေးဖွားသည့်ခုနှစ်၊ လနှင့် နေ့ရက်အတွက် မည်သည့်အထောက်အထားမျှ မတင်ပြနိုင်ပါက ကျန်းမာကြောင်း ဆေးလက်မှတ်၌ ဖော်ပြထားသည့်အသက်ကို အသက်မှန်ဟု မှတ်ယူရမည်။ သို့ရာတွင် ဝန်ထမ်း၏အသက်ပြည့်သည့်နေ့ရက်ကို သတ်မှတ်ရာတွင် ဝန်ထမ်း၏ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးစစ်သည့်နေ့ရက်ကို ဝန်ထမ်း၏ ဆေးစာပါ ခန့်မှန်းသတ်မှတ်သည့်အသက်ပြည့်သည့်နေ့ရက်အဖြစ် မှတ်ယူရမည်။ သို့ဖြစ်၍ ဝန်ထမ်း၏ မွေးနေ့သည် ယင်းဝန်ထမ်းဆေးစစ်သည့် နေ့ရက်မှ ယင်း၏ အသက်ကိုနုတ်၍ ရရှိသောနေ့ရက်ဖြစ်သည်။

နည်းဥပဒေ ၂၇၉။ ဝန်ထမ်း၏ အမှတ်အသားများကိုမှတ်တမ်းတင်ခြင်းနှင့်စပ်လျဉ်း၍-

(က) ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ဝန်ထမ်းလက်ဝဲလက်ဗွေများကို နှိပ်ယူမှတ်တမ်းတင်ထားရမည်။ လက်ဗွေများကို သီးခြားစာရွက်ပေါ်တွင်နှိပ်ယူ၍ ဝန်ထမ်းမှတ်တမ်းစာအုပ်တွင် ကပ်ထားခြင်း မပြုရ။

(ခ) ကိုယ်တွင်ထင်ရှားသည့်အမှတ်အသားများကို မှတ်တမ်းရေးသွင်းရန်နေရာ၌ မှဲ့များ၊ အမာရွတ်ဟောင်းများကဲ့သို့သော အမြဲတစေရှိနေပြီး ထူးခြား၍ထင်ရှားသိသာသည့်အမှတ်အသားများ သို့မဟုတ် မြင်လွယ်မှတ်လွယ်သည့် ထူးခြားချက်များကိုသာ ရေးသွင်းရမည်။ အသားအရောင်၊ မျက်နှာအသွင်အနေအထား သဲကွဲမှုမရှိသောမှတ်သားချက်များကို ရေးသွင်းခြင်းမပြုရ။

**အထွေထွေ**

၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂၅)တွင် အထွေထွေနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၈၉ မှ နည်းဥပဒေ ၂၉၃ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါနည်းဥပဒေကို ကောက်နုတ်၍ ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၂၈၉။ ဝန်ထမ်းသည် ဥပဒေပုဒ်မ ၁၀ပါ လိုက်နာရမည့်တာဝန်များကို ပျက်ကွက်ခဲ့လျှင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးသည် လျှော့ပေါ့ပင်စင်ခံစားခွင့်ပြုရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားချက်အား လိုက်နာရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၃၈ နှင့်အညီ ဌာနဆိုင်ရာ အရေးယူခြင်းခံရမည်။

# ဝင်ရိုးခြောက်တန်း ၂၆ ဘီး(နောက်တွဲပါ) Low Bad ယာဉ်ကို နွေကာလတန်ချိန်သတ်မှတ်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သတ်မှတ်ထားသည့် (ယာဉ်+ ကုန်) တန်ချိန် သတ်မှတ်ချက်နှင့် ကောက်ခံနှုန်းထားတွင် မပါဝင်သော ဝင်ရိုးခြောက်တန်း ၂၆ ဘီး (နောက်တွဲပါ) Low Bad ယာဉ်ကို နွေကာလအတွက် (ယာဉ်+ကုန်) တန်ချိန်ပြောင်းလဲသတ်မှတ်ခွင့်ပြုခြင်းအား နွေကာလအဖြစ် သတ်မှတ်သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ (ယာဉ်+ ကုန်) ၅၅ တန်နှင့် တန်ပိုပါက တန်ပိုဒဏ်ကြေးပေးဆောင်၍ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကုန်တင်တွဲယာဉ်များအား နွေကာလတွင် သတ်မှတ်တန်ချိန် ခွင့်ပြုခြင်း

**နေပြည်တော် စက်တင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာနက ကုန်တင်မော်တော်ယာဉ်များ သွားလာမှုနှင့်ပတ်သက်၍ နွေကာလအတွက် (ယာဉ်+ကုန်) တန်ချိန်ပြောင်းလဲသတ်မှတ်ခွင့်ပြုခြင်းအား နွေကာလအဖြစ် သတ်မှတ်သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်ခွင့်ပြုပါသည်-

| | မိုးတွင်းကာလ | နွေကာလ |
|---|---|---|
| (က) ဝင်ရိုး ငါးခု (Lift Axle ) ပါ ၁၄ ဘီးကုန်တင်ယာဉ်ကြီး | ၃၀ တန်မှ | ၃၁ တန်သို့ |
| (ခ) ဝင်ရိုး လေးခုပါ ၁၄ ဘီးကုန်တင်ယာဉ်ကြီး | ၃၃ တန်မှ | ၃၄တန်သို့ |
| (ဂ) ဝင်ရိုး ငါးခုပါ ၁၈ ဘီးကုန်တင်ယာဉ်ကြီး | ၄၁ တန်မှ | ၄၆ တန်သို့ |
| (ဃ) ဝင်ရိုး ခြောက်ခုပါ ၂၂ ဘီးကုန်တင်ယာဉ်ကြီး | ၄၈ တန်မှ | ၅၀ ဒသမ ၅ တန်သို့ |

(သတင်းစဉ်)

# အရန်မီးသတ် လေ့ကျင့်ရေးသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် ညနေ ၄ နာရီက လှိုင်မြို့နယ်မီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ယုက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများ၊ အရန်မီးသတ်ခေါင်းဆောင်များနှင့် သင်တန်းသားများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းသည် ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် အခြေခံစစ်ပညာ၊ မီးသတ်ပညာစာတွေ့လက်တွေ့ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။ **မီးမီး(လှိုင်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုသွေးလှူဒါန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ သွေးအမျိုး အစားအလိုက် သွေးပုလင်းပေါင်း ၃၈ ပုလင်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **မိုးကို(သစ်တော)**

## ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

**အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(H)မှ မခိုင်မိုးမိုးထက်၏ ဖခင်အမည်မှန်မှာ ဦးကြည်အောင် ဖြစ်ပါသည်။

**ဦးကြည်အောင် ၅/ယမပ(နိုင်)၀၃၃၁၈၀**

**အမည်မှန်**

ဦးကျင့်ခင့်ဒါးလ်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃) အဋ္ဌမတန်း (အောင်)မှ မကျိန်ရှင်းကွပ်၏ အမည်မှန်မှာ မကျိန်းရှန်းကောပ်ဖြစ်ပါသည်။

**မကျိန်ရှန်းကောပ်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၂၅၂၀၀၊ V.Anbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဝင်း ၉/မနတ(နိုင်)၀၉၈၄၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**အမည်ပြောင်း**

ဦးချစ်ပို ၉/ညဥန(နိုင်) ၁၀၁၇၁၇၏သား ချောက်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဖိုးကုလားအား မောင်ရဲလင်းထွန်းဟု ပြောင်းလဲခေါ်ပါ ရန်။

**မောင်ရဲလင်းထွန်း**

**အမည်ပြောင်း**

မော်လမြိုင်မြို့၊ အထကခွဲ၊ အလက(၃) တက္ကသိုလ်ဝင်တန်း(A)မှ ဦးညွှန့်ရွှေ ၏သား မောင်သက်ပုံစိုးအား မောင်စိုးထိုက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုးထိုက်**

**အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မအိမ့်နွံကြည်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၅/ယမပ(နိုင်)၀၃၃၆၂၄ဖြစ်ပါသည်။

**ဦးမြင့်နိုင် ၅/ယမပ(နိုင်)၀၃၃၆၂၄**

**ဖခင်အမည်မှန်**

ကလေးမြို့နယ်၊ အထက(နတ်ချောင်း) တက္ကသိုလ်ဝင်တန်းမှ မောင်အာကာချစ်နှင့် တတိယတန်းမှ မပန်းနုလှိုင်တို့၏ ဖခင် ဦးမောင်ဦး(ခ)ဦးတင်မောင်ဝင်း ၅/ကလထ(နိုင်)၁၆၈၂၀၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ဦး(ခ)ဦးတင်မောင်ဝင်း**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၂၄၉၆၃ Honda Click 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကို ၉/ခအဇ(ဧည့်)၀၀၀၁၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**အုပ်ထိန်းသူဖြစ်ကြောင်း**

မောင်နိုင်ဦး တက္ကသိုလ်ဝင်တန်း(E)၊ အထက(၂)တောင်ငူ၏ အုပ်ထိန်းသူမှာ ဦးအောင်အောင်ဇော် ၇/တငန(နိုင်) ၁၀၆၉၃၇ ဖြစ်ပါသည်။

**ဦးအောင်အောင်ဇော်**

**ဖခင်အမည်မှန်**

ကျွန်းလှမြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး မောင်ဇာမြင့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ငွေ(ခ) ဦးခင်မောင်ဝေ၅/ကလန(နိုင်)၀၀၈၃၃၂ဖြစ်ပါကြောင်း။ **ဦးမောင်ငွေ(ခ)ဦးခင်မောင်ဝေ**

**အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်အာကာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်ဦး ၅/ယမပ(နိုင်)၀၅၀၆၆၁ဖြစ်ပါသည်။

**ဦးမြင့်ဇော်ဦး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်ကျော်ဇေယျ၏ဖခင်မှာ ဦးမြင့်ဦး၅/ကဘလ (နိုင်) ၀၀၅၇၂၃နှင့် ဦးမောင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်ဦး(ခ)ဦးမောင်ဦး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၅၁၂၆၈၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကို ၉/ခအဇ(ဧည့်)၀၀၀၁၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ဖခင်အမည်မှန်**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အိန္ဒူ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ နန်းရတနာဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစောထွန်းလှိုင် ၃/ဘအန(နိုင်)၁၁၁၇၅၀ ဖြစ်ပါကြောင်း။
**ဦးစောထွန်းလှိုင် ၃/ဘအန(နိုင်)၁၁၁၇၅၀**

**မွေးသက္ကရာဇ်အမှန်**

မော်လမြိုင်မြို့၊ အထကခွဲ၊ အလက(၃)၊ တက္ကသိုလ်ဝင်တန်း(A)မှ ဦးညွှန့်ရွှေ၏သား မောင်စိုးထိုက် မွေးသက္ကရာဇ်အမှန်မှာ ၃-၅-၁၉၉၉ ဖြစ်ပါကြောင်း။

**မောင်စိုးထိုက်**

**မိခင်အမည်မှန်**

လားရှိုးမြို့၊ အလက(၅)/ထ-ခွဲ၊ သတ္တမတန်းမှ ရန်ရီချင်း(ခ)ကျော်ခိုင်ဦး၊ ဆဋ္ဌမတန်းမှ မရန်ရီချူး(ခ)သန္တာကျော်ဇင်မြင့်နှင့် ဒုတိယတန်းမှ ကျော်မြင့်ဦးတို့၏ မိခင်အမည်မှန်မှာ ဒေါ်လျော်ဝေကျော် ၁၃/မတတ(ပြု)၀၀၀၂၅၇ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

ပြင်ဦးလွင်မြို့၊ ရကက(၄)နေ မောင်ဇေယျာထွေး၏ မိခင်အမည်မှန်မှာ ဒေါ်လှလှဌေး ၉/မမန(နိုင်)၀၁၅၇၆၄ ဖြစ်ပါကြောင်း။

**ဒေါ်လှလှဌေး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၅၄၈၃၇၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမေ ၁၀/ရမန(နိုင်)၀၆၆၄၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ယ/၉၁၁၃၃၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဦး ၁၀/မဒန(နိုင်)၁၄၅၉၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(စ)မှ မောင်ချစ်ဆန်းဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ၅/ကဘလ(နိုင်)၁၅၁၀၉၉ ဖြစ်ပါသည်။

**ဦးအောင်ထွန်း**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မခင်မျိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၅/ကဘလ(နိုင်)၀၂၂၆၃၅ ဖြစ်ပါသည်။

**ဦးဝင်းအောင်**

**ပျောက်ဆုံး**

စစ်တွေမြို့၊ မင်းဂံအကွက်(၈)နေ ကျွန်တော် ဦးစံသိန်းရွှေ ၁၁/စတန(နိုင်)၁၀၂၉၂၈၏ တတိယတန်းရေယာဉ်အုပ်လက်မှတ် ဆတ-၂၁၁/၈၉ မှာ ၁၀-၇-၂၀၁၄ ရက်တွင် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(ဆ)မှ မစုလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိန်သောင်း ၅/ကဘလ(နိုင်)၀၇၃၄၉၉ ဖြစ်ပါသည်။ **ဦးစိန်သောင်း**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မဟာမြတ်မုနိဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပမည်



**သီပေါ စက်တင်ဘာ ၂၀**

ရှေးနှစ်ပေါင်း ၁၂၂ နှစ်က ကမ္ဘောဇတိုင်း သီပေါစော်ဘွားကြီး စောကြာခိုင်နှင့်ဆွေတော်မျိုးတော်များ မန္တလေးမဟာမြတ်မုနိဘုရားကြီး၏ ပုံတော်အတိုင်း တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် သီပေါမြို့၏ သာသနာ့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် (၁၁၉) ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါနဆွမ်း တော်ကြီးလောင်းလှူပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက မြို့လယ် မဟာသာသနာ့ ဗိမာန်တော် အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားသည်။ ယမန်နှစ်က မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူပွဲတွင် ရဟန်းသာမဏေ ၁၆၁၇ပါးတို့ကို ပဒေသာပင် ဆက်ကပ်လှူဒါန်းမှုမှာ ငွေကျပ်သိန်း ပေါင်း ၈၀၀ ကျော် တန်ဖိုးရှိပြီး ယခုနှစ်တွင်လည်း သီတင်းကျွတ် လပြည့်ကျော် ၄ ရက် (အောက်တိုဘာ ၁၂ ရက်)တွင် ဘုန်းတော်ကြီး ကျောင်းပေါင်း ၈၀ တို့မှ ဝါဆိုရဟန်း သာမဏေ ၁၄၅၉ ပါးတို့ကို စာရေးတံ မဲဖောက်၍ ပဒေသာပင်များ သီကာ ရိုးရာယဉ်ကျေးမှုမပျက် ရှေးမူရှေး ဟန်အတိုင်း ပူဇော်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။ (ဝ၇၂)

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး

**လက်ပံတန်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ ဒေသခံပြည်သူများကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးကုန်ပစ္စည်းများ ဝယ်ယူစားသုံးနိုင်ရေးကိုရည်ရွယ်၍ စက်တင်ဘာ ၁၆ ရက်တွင် မြို့မဈေးကြီး၌ ရောင်းချနေသည့် မုန့်မျိုးစုံ၊ ရေသန့်၊ ယိုစုံ၊ ငရုတ်ဆီစသည့် စားသောက်ကုန်ပစ္စည်းများတွင် ကျန်းမာရေးနှင့်ညီညွတ်မှုရှိ မရှိစသည့်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ ပဲခူးတိုင်းဒေသကြီးစားသုံးသူရေးရာဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်အေး၊ စားသုံးသူရေးရာဌာန ပဲခူးအနောက်တာဝန်ခံဦးစီးအရာရှိ ဦးစိုးငြိမ်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များပူးပေါင်း၍ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**အသိပညာပေးဟောပြော**

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသီဟက အမှာစကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဌာနတို့မှ တာဝန်ရှိသူများက အသိပညာပေးဟောပြောကြကြောင်း သိရသည်။

**သန့်ဇော်(iprd)**

# အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုမဖြစ်စေရန် အလိုအလျောက်မီးငြှိမ်းသတ်ရေးကိရိယာတပ်ဆင်သင့်

ယခုနောက်ပိုင်း၌ မီးလောင်မှုအကြောင်းရင်းများကို ဆန်းစစ်ကြည့်ရာ လျှပ်စစ်မှအပူလွန်ကဲ၍ မီးလောင်ရခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မီးလောင်မှုဖြစ်ပွားသည့်အချိန်မှာလည်း ဈေးပိတ်ချိန်၊ စက်ရုံများပိတ်ချိန်၊ အဆောက်အအုံများပိတ်သိမ်းပြီးချိန်၊ နောက်ပိုင်း လူသူမရှိသောအချိန်များတွင် အဖြစ်အများဆုံးဖြစ်သည်။

နိုင်ငံခြားတွင် ဤသို့လူမရှိသောအချိန် အပူလွန်ကဲရာမှ မီးလောင်မှုမျိုးမဖြစ်စေရန် စက်ရုံကြီးများ၊ ဈေးဆိုင်ကြီးများ၌သာမက အလတ်စား၊ အသေးစား အလုပ်ရုံများတွင်ပါ အလိုအလျောက် မီးငြှိမ်းသတ်ပေးနိုင်သောကိရိယာ (Auto Matic Sprinkler System)များ တပ်ဆင်ထားရှိကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထိုစနစ်မှာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း အချက်အချာအကျဆုံး၊ အထိရောက်ဆုံးသော စီစဉ်မှုတစ်ရပ်ဟုဆိုသည်။ လူမရှိချိန်ဖြစ်ပေါ်လာပါက ရှေးဦးစွာ အလိုအလျောက် မီးငြှိမ်းသတ်ပေးနိုင်သည့် နည်းဖြစ်သည်။

ယင်း Auto Matic Sprinkler တပ်ဆင်ထားခြင်းအားဖြင့် သတ်မှတ်ထားသော အခန်းဧရိယာအတွင်း၌ နေရာဒေသအလိုက် သတ်မှတ်အပူချိန်ရောက်ရှိလာပါက ထိုကိရိယာထိပ်ရှိ မီးသီးကဲ့သို့သောပစ္စည်းလေးတစ်ခုမှ ပေါက်ကွဲမှုဖြစ်စေပြီး အလိုအလျောက်ရေများပန်းထွက်ကာ မီးငြှိမ်းသတ်ပေးခြင်းစနစ်ဖြစ်သည်။

ထို Auto Matic Sprinkler System စမ်းသပ်တပ်ဆင်မှု အသုံးပြုမှုတစ်ရပ်ကို ပြီးခဲ့သောနှစ်က ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ သစ်စက်တစ်ခုတွင် လေ့လာခဲ့ဖူးသည်။

အလိုအလျောက် ရေဖျန်းပေးသည့်စနစ်တွင် အပူချိန်ကိုအာရုံခံသည့်စနစ်နှင့် မီးခိုးငွေ့ကိုအာရုံခံသည့်စနစ်နှစ်မျိုးရှိကြောင်း သိရသည်။

အပူချိန်ကို အာရုံခံသည့်စနစ် Heat Detection Methodမှာ သတ်မှတ်ဧရိယာအခန်းအတွင်း သတ်မှတ် အပူချိန်ရောက်သည်နှင့် Auto Matic Sprinkler မှ အလိုအလျောက်ပွင့်ထွက်ပြီး ရေများပက်ဖျန်းပေးမှုဖြစ်သည်။ မီးခိုးအငွေ့ကို အာရုံခံသည့်စနစ် (Smoke Detection Method)မှာ သတ်မှတ်ထားသော ဧရိယာအခန်းတွင်းသို့ မီးခိုးငွေ့များရောက်ရှိလာပါက Auto Matic Sprinkler မှ ရေများအလိုအလျောက်ပက်ဖျန်းပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌မူ ယင်းသို့စနစ်များတပ်ဆင်ထားမှု အလွန်ပင်နည်းပါးလျက်ရှိကြောင်း တွေ့ရှိရသည်။ တန်ဖိုးကြီးမားသော အလုပ်ရုံ၊ စက်ရုံ၊ ဈေးကြီးများ၊ မီးလောင်မှုလွယ်ကူနိုင်သော ပစ္စည်းထားရှိရာ အဆောက်အအုံများ၌ အပူလွန်ကဲခြင်းမှ မီးလောင်ကျွမ်းမှုမျိုး မဖြစ်ကြစေရန် အမှန်တကယ်တပ်ဆင်ထားသင့်သော ကိရိယာတစ်ခုဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ မကြာမီ ခြောက်သွေ့သောရာသီသို့ရောက်ရှိတော့မည်ဖြစ်ရာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သောအားဖြင့် ဆောင်ရွက်နိုင်ကြစေရန် အသိပေးရေးသားလိုက်ရပါသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# လူကုန်ကူးမှု၊ ယဉ်ကျေးမှုနှင့်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မိုးကောင်း စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောင်းကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများကို လူကုန်ကူးမှုအန္တရာယ် ဥပဒေအကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်နေထိုင်မှု၊ သွေးလွန်တုပ်ကွေးမဖြစ်အောင် မည်သို့ကာကွယ်ရမည့် အကြောင်းအရာများကို သိရှိစေရန်ရည်ရွယ်၍ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် အထက (၂)ရတနာခန်းမ၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝေက ယဉ်ကျေးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းလွင်က လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်ထွေးထွေးဝင်းက သွေးလွန်တုပ်ကွေးနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါအန္တရာယ် တားဆီးကာကွယ်ရေးကို လည်းကောင်း ဟောပြောခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ အထက(၇)တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင်မြင့် ၇/ပခန(နိုင်)၂၀၄၁၈၆ ဖြစ်ပါသည်။

**ဦးသန်းလွင်မြင့်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၅၈၁၉၁ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးနိုင်ဦး ၉/အမရ(နိုင်)၁၃၇၀၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၇၂၉၀၃ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်း ၉/ပသက(နိုင်)၀၄၉၉၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**အမည်ပြောင်း**

ဦးတင်စိုးဦး ၉/ပဘန(နိုင်)၀၈၇၉၆၉၏ သား မိတ္ထီလာမြို့နယ်၊ အမက(၅၃)တတိယတန်းမှ မောင်လွမ်းမိုးထွေးအား မောင်ရှိန်းသုတဟု ပြောင်းလဲခေါ်ပါရန်။

**ရှိန်းသုတ**

**အမည်မှန်**

ရန်ကုန်မြို့၊ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း ပထမတန်း(A)တွင် ပညာသင်ကြားနေသော မဆုလာဒ်ရတနာ၏ အမည်မှန်မှာ မဆုလာဘ်ရတနာ ဖြစ်ပါကြောင်း။

**မဆုလာဘ်ရတနာ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 3G/4160 Hino DUTRO XZU 307, L/T (4x2)R ယာဉ်လက်ဝယ်ရှိသူဦးဇော်မင်းထွန်း ၉/မနတ(နိုင်)၀၀၁၀၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၇၅၈၅၀ ကမ်ဘို 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ငြိမ်း ၅/ကနန(နိုင်)၀၀၇၃၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၈ခ/၂၀၀၆ Myay Latt ML-02 Jeep ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းစိုး ၉/မခန(နိုင်)၁၅၅၉၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ရုံး)၊ မြင်းခြံမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၄၈၂၇၉၊ Yamaha FZ ယာဉ်လက်ဝယ်ရှိသူ Good Son Motorbike က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၃၂၅၉၉၊ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဆွေ ၉/အမဇ(နိုင်)၀၂၃၉၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၈ယ/၂၆၅၁၉ ယာဉ်လက်ဝယ်ရှိသူ ဦးဟွေဆွမ်း ၄/ဖလန(နိုင်)၀၀၂၆၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၅၄၉၀၃ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင် ၁၀/ကမရ(နိုင်)၀၁၄၉၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၄၅၆၅၇၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင် ၉/မထလ(နိုင်)၁၇၇၇၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မိတ္ထီလာခရိုင်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၂ယ/၃၀၇၈၇ ZONGSHEN-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သောင်း ၈/မလန(နိုင်)၀၀၆၅၀၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၁၈၇၃၃ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဦး ၇/ပခန(နိုင်)၀၀၂၂၆၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉A/၂၄၄၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်းခရိုင်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမရွေးသုံးစွဲနိုင်ရန် လူနာတင်ယာဉ်လှူဒါန်း ဖျာပုံမြို့နေပြည်သူများ ကျန်းမာရေးကိစ္စ အဆင်ပြေစွာဆောင်ရွက်နိုင်ပြီ

**ဖျာပုံ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပြည်သူများ ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမရွေး အခမဲ့အသုံးပြုနိုင်ရန် ရွှေဒင်္ဂါး မုန့်တိုက်မိသားစုနှင့် မိန်းပွိုင့် လျှပ်စစ်မိသားစုတို့ စုပေါင်းလှူဒါန်းသော ငွေကျပ် သိန်း ၂၀၀ ခန့်တန်ဖိုးရှိ TOYOTA AMBULANCE ယာဉ်ကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီဆောင်ရွက်မှုဖြင့် ဖျာပုံမြို့(၁)ရပ်ကွက် သံသရာခရီးသည် လူမှုကူညီရေးအသင်းတို့က ပေးအပ်လှူဒါန်းခဲ့ပြီး ယခုလ စက်တင်ဘာ ၁ ရက်မှစ၍ ဖျာပုံမြို့ရှိ အရေးပေါ်လူနာများအား ရန်ကုန်မြို့သို့ အခမဲ့ပို့ဆောင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှ အရေးပေါ်လူနာတွေကို လူနာရှင်တွေက ပုဂ္ဂလိက အငှားယာဉ်တွေကို အသုံးပြုနေရတာ ပြည်သူတွေ အခက်အခဲဖြစ်နေလို့ ယခုအလှူရှင်မိသားစုတွေလှူဒါန်းထားတဲ့ အရေးပေါ်လူနာတင်ယာဉ်ကို သံသရာခရီးသည် လူမှုကူညီရေးအသင်းက တာဝန်ယူပြီး သက်ဆိုင်ရာဆေးရုံကြီးတွေကို ၂၄ နာရီ အခမဲ့ပို့ဆောင်ပေးနေတဲ့အတွက် မည်သူမဆို အချိန်အခါမရွေး ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်" ဟု လူမှုကူညီရေးအဖွဲ့မှ အတွင်းရေးမှူး ဦးလှမင်းက ပြောသည်။




ယခု လှူဒါန်းထားသော အရေးပေါ် လူနာတင်ယာဉ်တွင် ပို့ဆောင်ပေးသော အရေးပေါ်လူနာများ၏ ကျန်းမာရေးကိစ္စများ အသုံးပြုနိုင်ရန်အတွက် ချွဲစုပ်စက်၊ ECG နှလုံးစစ်ဆေးစက်၊ အောက်ဆီဂျင်ဘူး၊ အရေးပေါ်ဆေးသေတ္တာများ ပြည့်စုံစွာထားပေးသည်ကို လိုက်ပါပို့ဆောင်သောလူနာရှင်က ကျွမ်းကျင်အကူသူနာပြုများကိုခေါ်၍ အသုံးပြုဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါ အရေးပေါ်လူနာတင်ယာဉ်ကို အခမဲ့ ၂၄ နာရီ အသုံးပြုနိုင်ရန် ဖွဲ့စည်းထားသော လစဉ်အလှူရှင်များအပြင် သီးခြားစေတနာရှင်၊ အလှူရှင်များနှင့် ရန်ကုန်မြို့သို့ အရေးပေါ်ပို့ဆောင်လိုသော လူနာရှင်များက ဖုန်း- ၀၉-၈၅၉၀၉၉၉ နှင့် ၀၉-၄၂၂၄၆၂၄၄၆ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီး ဖျာပုံမြို့တွင် ၂၄ နာရီ အရေးပေါ် လူနာတင်ယာဉ်ကို အသုံးပြု၍ ပြည်သူများကျန်းမာရေးကိစ္စရပ်များကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

(၀၇၁)



# အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း တစ်နှစ်ပြည့်အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်း၏ တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့် အသင်းသားများ စုံညီအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ပြီး သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးစာရိတ္တထံမှ ဩဝါဒခံယူတော်မူပြီး ငွေစာရင်းရှင်းတမ်းကို တွဲဖက်ဘဏ္ဍာရေးမှူးက တင်ပြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးစန်းမောင်က အသင်းမှတ်ပုံတင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အသင်း၏နာယက ဦးသောင်းမြင့်က နှစ်ပတ်လည် အထိမ်းအမှတ် တရားပွဲကျင်းပမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တစ်နှစ်ပတ်လည်ကာလအတွင်း အသင်းကြီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သောအသင်းသားများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျေးရွာလျှပ်စစ်မီးလင်းရေး အလှူငွေပေးအပ်

**သာစည် စက်တင်ဘာ ၂၀**

သာစည်မြို့နယ် အောင်သာကျေးရွာအုပ်စု အောင်သာကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၆ ရက်က အောင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးစိုးဝင်းက မြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးမြို့နေ အလှူရှင် ဒေါ်စောလှမြင့်နှင့် ဦးထွန်းရီ-ဒေါ်ခင်စိုးရီ မိသားစုတို့က အလှူငွေကျပ်သိန်း ၈၀ ကို ပေးအပ်ရာ **(အောက်ယာပုံ)** ကျေးရွာမီးလင်းရေးကော်မတီက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

"ကျွန်မက မန္တလေးမြို့မှာ နေပေမယ့် ကိုယ့်ရဲ့ဇာတိရွာကို ပြန်လာတဲ့အခါတိုင်း ကျောင်းသားကျောင်းသူတွေ စာကျက်ရာမှာ လျှပ်စစ်မီးမရရှိလို့ အခက်အခဲဖြစ်နေတာတွေကို မြင်ရပါတယ်။ တချို့က ဖယောင်းတိုင်ထွန်းပြီး စာကျက်ရတယ်။ တချို့က ဘက်ထရီမီးတွေနဲ့ စာကျက်ရတာတွေ တွေ့နေရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ ဒီအချိန်မှာ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေသလို ကျွန်မတို့ရွာမှာလည်း မီးလင်းရေး ဆောင်ရွက်နေတာကို သိရတော့ ကိုယ့်ကျေးရွာမှာ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားတွေ တိုးတက်အောင် တတ်နိုင်သလောက် လှူဖြစ်တာပါ" ဟု အလှူရှင် ဒေါ်စောလှမြင့်က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးရွာကိုယ်စား ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



# ရေဘေးဒဏ်ခံစားနေရသူများအား ထောက်ပံ့ပစ္စည်းလှူဒါန်း

**ထားဝယ် စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် မီးကျောင်းသိုက်ကျေးရွာနှင့် ပလောက်မြို့နယ်ခွဲ ပြည်ခြားကျေးရွာတို့တွင် စက်တင်ဘာ ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများစီးဝင်သဖြင့် အိမ်ခြေ ၁၅၄ လုံး၊ အိမ်ထောင်စု ၁၅၆ စုမှ စုစုပေါင်းလူဦးရေ ၅၉၃ ဦးတို့ ရေဘေးဒဏ်ခံစားခဲ့ရသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တန်ဖိုးငွေ ၁၂၁၃၃၆၈ ကျပ်၊ ကယ်ဆယ်ရေးပစ္စည်းတစ်အိမ်ထောင်လျှင် ကျားဝတ်လုံချည် တစ်ထည်၊ မဝတ်လုံချည်တစ်ထည်၊ မျက်နှာသုတ်ပဝါတစ်ထည်၊ ဆပ်ပြာတောင့်တစ်တောင့်စီ၊ ၁၅၆ အိမ်ထောင်စုစာနှင့် ဆန်သုံးရက်စာအတွက် တန်ဖိုးငွေကျပ် ၄၅၅၈၅၀ စုစုပေါင်းပစ္စည်းနှင့် ငွေသားထောက်ပံ့မှုတန်ဖိုးငွေကျပ် ၁၆၆၉၂၁၈ ကို စက်တင်ဘာ ၁၈ ရက်က မြိတ်ခရိုင်ဦးစီးအရာရှိ ဒေါ်နွေးနွေးစိုး၊ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## မော်တော်ယာဉ်များ ဝယ်ယူရန်အတွက် Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Toyota Hilux D 4 D, Model 2004နှင့်အထက် | ၁ စီး |
| (ခ) | Suzuki Carry 2007နှင့်အထက် | ၃၄ စီး |
| (ဂ) | Toyota Corolla Van, Model: 1999နှင့်အထက် | ၁ စီး |
| (ဃ) | Light Truck (1 Ton) Model: 2005နှင့်အထက် | ၁ စီး |
| (င) | Motor Cycle 110 CC | ၃ စီး |

၂။ Open Tender တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၁၀-၂၀၁၄ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၀၇နှင့် ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မြိတ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မြိတ်မြို့မှ တိုင်းဒေသကြီးဖြည့်စွက်ငွေလုံးငွေရင်းရန်ပုံငွေနှင့် သာမန်အသုံးစရိတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) လမ်းခင်းကျောက်(ရွယ်စုံ)
(ခ) သဲကြမ်း
(ဂ) ကျောက်ရောမြေ
(ဃ) သဲရောချောင်းကျောက်
(င) ချောင်းကျောက်စရစ်

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၂၂-၉-၂၀၁၄ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** -၆-၁၀-၂၀၁၄ရက်၊ ၁၇း၀၀ နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** -၇-၁၀-၂၀၁၄ရက်၊ ၁၃း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး**
**လေယာဉ်ကွင်းအထူးအဖွဲ့(၆)၊ မြိတ်မြို့**
**ကန်ဖျားလမ်းမကြီး(ဘောလုံးကွင်းအရှေ့)**
**ဖုန်း-၀၅၉-၄၁၉၁၈**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးယာဉ် Micro Bus (9 Seaters) Model 2009 အထက် Japan (၇)စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** -၂၂-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** -၃-၁၀-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**လူမှုဝန်ထမ်းဦးစီးဌာန**
**ရုံးအမှတ် ၂၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၂၉၀၊ ၀၉-၄၂၀၇၃၆၆၅၇**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အထက(၂)နဝမတန်း(I)မှ မဝါဝါအောင်၏ ဖခင်အမည်မှန်မှာ ဦးသာအောင် ၈/တတက(နိုင်)၀၄၁၀၄၆ ဖြစ်ပါသည်။

**ဦးသာအောင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(စ)မှ မရွှေစင်ပြုံး၏ ဖခင်အမည်မှန်မှာ ဦးကျော်သောင်းလေး ၈/တတက(နိုင်)၀၃၉၅၀၅ ဖြစ်ပါသည်။

**ဦးကျော်သောင်းလေး**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မဇင်ဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆန်း ၅/ကဘလ(နိုင်)၁၇၀၀၆၄ ဖြစ်ပါသည်။

**ဦးမြင့်ဆန်း**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မသူ၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ၅/ကဘလ(နိုင်)၁၀၁၂၆၈ ဖြစ်ပါသည်။

**ဦးတင်အောင်**

## မိဘအမည်မှန်

မော်လမြိုင်မြို့၊ အထက(သုခဝတီ) ပဉ္စမတန်း(B)မှ မောင်နိုင်ဝင်းစိုး၏ မိဘအမည်မှန်မှာ ဦးသိန်းဝင်း ၁၀/မလမ(နိုင်) ၀၄၆၃၅၀-ဒေါ်တင်အေးလှိုင် ၁၀/မလမ(နိုင်)၁၆၇၅၀၆ ဖြစ်ပါကြောင်း။

**ဦးသိန်းဝင်း-ဒေါ်တင်အေးလှိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် တက/၂၀၉၄၇ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၁၃/ကလန(နိုင်)၀၂၉၄၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ၊ အောင်ပန်း**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(င)မှ မနွယ်နွယ်အေးနှင့် ဆဋ္ဌမတန်း(D)မှ မောင်ခန့်စည်သူတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၅/ကဘလ(နိုင်)၁၀၄၀၉၀ ဖြစ်ပါသည်။

**ဦးခင်မောင်ထွေး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဂန့်ဂေါမြို့တွင်း လမ်း၊တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်

**ဂန့်ဂေါ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်းရှိ သစ်သား တံတားများကို သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်မြှင့်တင် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၅ ရက်အထိ သစ်သားတံတားငါးစင်းကို သံကူကွန်ကရစ်တံတားများအဖြစ်သို့ ငွေကျပ်သိန်း ၆၀ ကျော် အကုန်အကျခံကာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

သစ်သားတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်လျက်ရှိရာ အရှည် သုံးပေ၊ အကျယ် ပေ ၂၀၊ အမြင့် သုံးပေ အရွယ်အစားရှိ မြို့ပတ်လမ်းရှိ တံတားအမှတ်(၄)၊ မြို့ပတ်လမ်းရှိ တံတားအမှတ်(၅)နှင့် မြို့မအမက လမ်းရှိ တံတားတို့ကို ငွေကျပ် ၁၂ သိန်းစီအကုန်အကျခံ၍လည်းကောင်း၊ အရှည်လေးပေ၊ အကျယ် ၂၅ ပေ၊ အမြင့် သုံးပေရှိ မြို့မဈေးအဝင်လမ်း တံတားကို ငွေကျပ် ၁၉ သိန်းကျော် အကုန်အကျခံ၍ လည်းကောင်း၊ အရှည်ငါးပေ၊ အကျယ်ပေ ၂၀ ရှိ မြစ်သာခန်းမအဝင် လမ်း၊ တံတား ကြမ်းခင်းကို ငွေကျပ် ငါးသိန်းအကုန် အကျခံ၍လည်းကောင်း တည် ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။ ဂန့်ဂေါမြို့တွင်း၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းသော ဗိုလ်ချုပ်လမ်းနှင့် မြစ်ရှောင်လမ်းတို့မှအပ လမ်းသွယ်ပေါင်း ၁၁၆ လမ်းရှိပြီး လိုအပ်သည့်နေရာများတွင် လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ လာမည့်ပွင့်လင်းရာသီကာလ၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိ သဇင်လမ်း၊ အရှည်ပေ ၇၅၀ ၊ အကျယ် ၁၂ ပေရှိ မြို့မအမကလမ်း၊ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေရှိ အမှတ်(၃)လမ်းနှင့် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေရှိ မုဒိတာလမ်းတို့ကို ငွေကျပ် ၃၈၂ သိန်း အကုန်အကျခံကာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ကတ္တရာစေးများ အဆင်သင့်ရောက်ရှိနေပြီဖြစ်သည်။ ဂန့်ဂေါမြို့တွင်းရှိ လမ်းသွယ်အများစုသည် လမ်းအမည်မှည့်ခေါ်သတ်မှတ်ထားခြင်းမရှိသေးသဖြင့် လမ်းအမည်မှည့်ခေါ်သတ်မှတ်နိုင်ရန် လမ်းအမည်များကို ဒေသခံများထံမှ ဆန္ဒခံယူတောင်းခံလျက်ရှိပြီး လမ်းအမည်များရရှိပါက လမ်းအမည်ဆိုင်းဘုတ်များ တပ်ဆင်သွားမည်ဖြစ်သည်။

ဂန့်ဂေါမြို့နယ်ဆိုင်ရာ သမိုင်းမှတ်တမ်းများအရ ဂန့်ဂေါမြို့ တည်ရှိရာနေရာတွင် ကောဇာသက္ကရာဇ် ၆၀၅ ခုနှစ်၌ လူနေအိမ်ခြေများ စတင်တည်ထောင်ခဲ့ကြပြီး ၁၉၀၅ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက နယ်ပိုင်ရုံးစိုက်ခဲ့သဖြင့် ပခုက္ကူခရိုင်အတွင်းမှ မြို့နယ်တစ်ခုဖြစ်ခဲ့ကာ ၁၉၉၆ ခုနှစ်တွင် ဂန့်ဂေါခရိုင်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယခင်က ဂန့်ဂေါမြို့နယ်သည် သွားလာရေးခက်ခဲသော ဒေသတစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိခြင်း၊ တယ်လီဖုန်း၊ အင်တာနက်ဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် ကာလတိုအတွင်းအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မကွေးမြို့တွင် ဗို့အားမြှင့် ထရန်စဖော်မာတစ်လုံး ပြောင်းလဲတပ်ဆင်

**မကွေး စက်တင်ဘာ ၂၀**

မကွေးမြို့အတွင်း လျှပ်စစ်သုံးစွဲမှုပမာဏ များပြားလာသည်နှင့်အမျှ သုံးစွဲသူပြည်သူများ၏ လုပ်ငန်းများ၌ လျှပ်စစ်ဗို့အားမပြည့်ဝခြင်း၊ ဗို့အားကျဆင်းလျော့နည်းခြင်းများ မရှိစေရန်အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတွင် အရေးပါသော ဗို့အားမြှင့်ထရန်စဖော်မာများ တပ်ဆင်ရန်လိုအပ်လျက်ရှိရာ မကွေးမြို့ အထက(၁)လမ်းနှင့် သစ္စာလမ်းထောင့်ရှိ ထရန်စဖော်မာအဟောင်းနေရာတွင် ဗို့အားမြှင့်ထရန်စဖော်မာ တစ်လုံးကို မြို့နယ်လျှပ်စစ်ဌာနက စက်တင်ဘာ ၁၈ ရက်က ပြောင်းလဲတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။




ယခင်တပ်ဆင်ထားရှိသော ထရန်စဖော်မာမှာ 315 KVAဖြစ်ပြီး အသစ်ပြောင်းလဲတပ်ဆင်ထားရှိသော ထရန်စဖော်မာမှာ 750 KVA ရှိသောကြောင့် ဗို့အားကျဆင်းလျော့နည်းခြင်းကို ထိန်းညှိပေးသွားနိုင်မည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာဌာနတို့၏ လမ်းညွှန်ဖြည့်ဆည်းမှုများဖြင့် ထရန်စဖော်မာ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် ADB နှင့်ချိတ်ဆက်၍လည်း မကွေးမြို့အတွင်း လိုအပ်လျက်ရှိသော ဗို့အားမြှင့်ထရန်စဖော်မာများ ပြောင်းလဲတပ်ဆင်နိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

**ဧယျာတု(မကွေး)**

## လူထုကျန်းမာရေးစောင့်ရှောက်မှု ဆွေးနွေးပွဲကျင်းပ

**မြင်းခြံ စက်တင်ဘာ ၂၀**

မာရီစတုပ်(စ်)အင်တာနေရှင်နယ်မြန်မာမှ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က မာရီစတုပ်(စ်)အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုသည် နိုင်ငံတော်အတွက် အရေးပါပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်နေ့ထက်တစ်နေ့ တိုးတက်ကောင်းမွန်လာအောင် နိုင်ငံတော်အဖွဲ့အစည်းများနှင့်အတူ လူထုအဖွဲ့အစည်းများ ၊ NGO များ၊ INGO များ ပူးပေါင်းဆောင်ရွက်မှသာ လူထုအနေဖြင့်ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စီမံကိန်းမန်နေဂျာ ဒေါက်တာ နေထွန်းဇော်က စီမံကိန်းဆောင်ရွက်နေမှုများ၊ စင်တာတာဝန်ခံ ဒေါက်တာ ဒေါ်အမာနီက မြင်းခြံမာရီစတုပ်(စ်)စင်တာ၏ ဝန်ဆောင်မှုများကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း လုပ်ငန်းဆွေးနွေးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ၊ NGO များ ၊ INGO များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မိုင်းကိုင်မြို့၌ ကျန်းမာရေးအသိပညာပေးဟောပြော

**မိုင်းကိုင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာဟန်နိုင်စိုးက သားအိမ်ခေါင်းကင်ဆာ ကာကွယ်ရေးအကြောင်း၊ မြို့နယ်ကျန်းမာရေးမှူး-၁ ဦးအောင်မြတ်မောင်က ရေနှင့်အစားအသောက် သန့်ရှင်းရေးအကြောင်း၊ မြို့နယ်သူနာပြု-၁ ဒေါ်နန်းခမ်းလိုင်က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များ၊ အိမ်တွင်းမှု အစားအသောက်လုပ်ကိုင်သူများက မိမိတို့ သိရှိလိုသော ကျန်းမာရေးနှင့် ပတ်သက်သည့်အချက်အလက်များကို ဆွေးနွေးမေးမြန်းပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ စသည်တို့ကို လက်တွေ့သရုပ်ပြခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ မြို့နယ်အတွင်း အိမ်တွင်းမှုအစားအသောက်လုပ်ကိုင်နေသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရန်သားဖွားဆရာမများ တက်ရောက်ခဲ့သည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့မှ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တောင်ကြီးမြို့၊ ရှမ်းပြည်နယ်ဦးစီးရုံး ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
- ပင်းတယမြို့၊ ဝန်ထမ်းအိမ်ရာ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
- ပင်းတယမြို့၊ ဝန်ထမ်းအိမ်ရာဝင်း၌ (၅'×၃၀') သံကူကွန်ကရစ် ရေထုတ်ပြွန်တံတား (၄)စင်းတည်ဆောက်ခြင်းလုပ်ငန်း
- ပင်းတယမြို့၊ ဝန်ထမ်းအိမ်ရာဝင်း၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း

(ခ) - ဟိုပုံးမြို့၊ ဝန်ထမ်းအိမ်ရာ၌ (၆)ခန်းတွဲ (၂)ထပ် (RC) အဆောက်အအုံ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း (ရေ/သန့်၊ လျှပ်စစ် အပါအဝင်)
- ဟိုပုံးမြို့၊ မြို့နယ်ဦးစီးမှူးရုံး၊ ခြံစည်းရိုးကာရံခြင်းနှင့် မြေထိန်းကျောက်စီနံရံ တည်ဆောက်ခြင်းလုပ်ငန်း
- ဟိုပုံးမြို့၊ ဝန်ထမ်းအိမ်ရာဝင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၄၀၀'×၂၀၀')
- ဟိုပုံးမြို့၊ ဝန်ထမ်းအိမ်ရာဝင်း၌ သံကူကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း(၄၀၀'×၁၅'×၁')

(ဂ) - ရုံးသုံးယာဉ် (၁)စီး (Toyota Fielder) ဝယ်ယူရန်

၂။ **တင်ဒါရောင်းချမည့် ရက်နှင့်အချိန်** - ကြော်ငြာပါသည့်ရက်မှ ၁၆-၁၀-၂၀၁၄ရက်အထိ

၃။ **တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၀-၁၀-၂၀၁၄ ရက် ၁၆း၀၀နာရီအထိ

၄။ တင်ဒါဖွင့်မည့်ရက်နှင့် အချိန်အား တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗိသုကာ ပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၆၇၄၂တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**(တင်ဒါခေါ်ယူရေးကော်မတီ)**

### ဝန်ထမ်းအလိုရှိသည်

BE, B-Tech, AGTI (Cilvil) ဘွဲ့ရ -ကျား(၂)ဦး၊ မ(၄)ဦး ညှိနှိုင်းလစာပေးမည်။

သံချည်သံကွေး၊ ပန်းရန်၊ လက်သမားကျွမ်းကျင်လုပ်သားများ ညှိနှိုင်းနေ့စားခပေးမည်။

**ဆက်သွယ်ရန်**
**KSW Co.,Ltd.**
**အမှတ်(၃၀၇)၊ မကွေးလမ်း၊ (၂၃)ရပ်ကွက်၊ စက်မှုဇုန်အပိုင်း(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၈၁၀၀၇၄၆၊ ၀၉-၄၉၄၄၅၂၈၇**

### ရောင်းမည်

၁။ အင်းစိန်၊ သီရိမင်္ဂလာလမ်းမကြီး(ဂျပန်လမ်း)ဂုတ်ခြံလမ်းသွယ်(၁၉)၊ မြေအကျယ် ပေ (၁၀၀×၁၀၀) အကွက်အကွင်းကျသည်။ ဂရန်လျှောက်နိုင်သည်။ဂျိုးဖြူ ရေ၊ မီး၊ အုတ်တံတိုင်း ပတ်လည်ခတ်ပြီး

၂။ မှော်ဘီ၊ တိုးဂိတ်၊ ကိုးလုံးကွင်းဘုန်းကြီးကျောင်းနောက်(ဂုတ်ခြံ)ပေ(၈၀×၈၀)၊ ခြံမြေနှစ်ကွက်၊ အကွက်အကွင်းကျသည်။ ဂရန်လျှောက်နိုင်သည်။

**ဖုန်း-၀၉-၅၀၀၂၁၈၇**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအမည်/အမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | Compressor Jet Pump(2HP) | ၁ခု |
| (၂) | Compressor (2HP) | ၁ခု |
| (၃) | Pressure Pump(1.5HP) | ၁ခု |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၄ ရက်မှ ၇-၁၀-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပေးပို့ရန်နောက်ဆုံးရက်** - ၁၄-၁၀-၂၀၁၄ ရက်
**တင်ဒါဖွင့်လှစ်မည့်ရက်၊အချိန်** - ၁၈-၁၀-၂၀၁၄ ရက်၊ နံနက် ၉း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ ပါရမီလမ်း၊ လှိုင်မြို့နယ်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၂၅၂၉၊ ၀၁-၆၅၂၅၄၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

### ကျော်ဇေအောင် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ကမာရွတ်မြို့နယ်အသင်းသားများသိရှိစေရန်

အသင်းနှင့်ကင်းကွာနေသော အသင်းသားများ၊ အစုထည့်ဝင်ရန် ကျန်ရှိသော အသင်းသားများသည် အသင်းသို့ ၁၂-၁၀-၂၀၁၄ ရက် နောက်ဆုံးထားဆက်သွယ်ကြရန်၊ ဆက်သွယ်မှုမရှိပါက အစုထည့်ဝင်ငွေများကို အသင်း၏ ရင်းနှီးမြှုပ်နှံမှုငွေအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၂၈၂၆၄**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

## ဝေါမြို့နယ် စစ်မှုထမ်းဟောင်း ပညာသင်စရိတ်ထောက်ပံ့

**ဝေါ စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင် သားသမီး ကျောင်းသား ကျောင်းသူများအား ၂၀၁၄-၂၀၁၅ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က ဝေါမြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးသန့်ဇင်ဦး(ငြိမ်း) က အမှာစကားပြောကြားရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင် သားသမီး ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေးများကို မိမိတို့မြို့နယ်အဖွဲ့မှတစ်ဆင့် ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တစ်ဖန်မြို့နယ်ရန်ပုံငွေမှလည်း ထပ်ဆင့်အပိုကြေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများ ပညာရေးအထောက်အပံ့ဖြစ်စေရန် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝေါမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ ၈၇ ဦးနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူ နှစ်ဦးအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုမှ ထောက်ပံ့သည့် ငွေကျပ် ၁၂၂၀၀၀၀၊ မြို့နယ်ရန်ပုံငွေမှ ငွေကျပ် ၃၇၀၀၀၀ စုစုပေါင်းပညာသင်စရိတ်ငွေကျပ် ၁၅၉၀၀၀၀ တို့ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးသန့်ဇင်ဦး(ငြိမ်း) နှင့် အတွင်းရေးမှူး၊ မြို့နယ်စည်းရုံးရေးကော်မတီဝင်များက ထောက်ပံ့ပေးအပ်ကြသည်။

(၁၁၀)

## အလယ်တန်းပြဆရာများ အင်္ဂလိပ်စာသင်ကြားမှုမြင့်မားရေး သင်တန်းပို့ချ

**မိတ္ထီလာ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် အလယ်တန်းပြဆရာ ဆရာမများ အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေးမြင့်မားရေး သင်တန်းကို စက်တင်ဘာ ၁၆ ရက်က မိတ္ထီလာ အထက(၁)၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဦးဆောင်ညွှန်ကြားမှု၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ အလယ်တန်းပြဆရာ ဆရာမတွေ အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေးမြင့်မားတိုးတက်ရေးအတွက် အခုလိုသင်တန်းပို့ချတာပါ။ သင်တန်းဆရာတွေက ပထမဆုံးဆရာ ဆရာမတွေရဲ့ ပင်ကိုအင်္ဂလိပ်စာအရည်အသွေးကို စမ်းသပ်စစ်ဆေးတယ်။ ပြီးတော့ ရလာတဲ့အဖြေပေါ်မူတည်ပြီးတော့ အင်္ဂလိပ်စာကို ဘယ်လိုနည်းလမ်းနဲ့ သင်ကြားပေးရင်ကောင်းမလဲ၊ သင်ရိုးညွှန်းတမ်းတွေကိုဘယ်လိုရေးဆွဲမလဲ၊ အဲဒီလိုနည်းတွေနဲ့ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေးကို မြှင့်တင်ပေးသွားမှာပါ" ဟု မိတ္ထီလာခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) ဦးသက်လေးဦးက ပြောသည်။



သင်တန်းကို မိတ္ထီလာနှင့် မလှိုင်မြို့နယ်နှစ်ခုမှ အလယ်တန်းပြ ဆရာ ဆရာမ ၈၀ အား အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေးမြင့်မားတိုးတက်စေရေးအတွက် တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အခြေစိုက် Amarapura Partners Ltd. မှ နည်းပြဆရာများဖြစ်ကြသည့် မန်နေဂျင်းဒါရိုက်တာ Mr.Richard Truitt နှင့် ဆရာနိုင်ထွန်းလင်းတို့က စာတွေ့ လက်တွေ့ လာရောက်ပို့ချပေးခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းပြဆရာ ဆရာမများအား အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေးမြင့်မားတိုးတက်ရေး မွမ်းမံသင်တန်းများကို Amarapura Partners Ltd. မှ နည်းပြဆရာများက တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တာဝန်ယူလိုက်လံပို့ချပေးလျက်ရှိရာ ကျောက်ဆည်၊ မြင်းခြံ၊ တောင်သာ၊ ငါန်းဇွန်၊ တံတားဦး၊ မိုးကုတ်၊ ညောင်ဦးမြို့များတွင် ပို့ချပေးခဲ့ပြီးဖြစ်ကာ မိတ္ထီလာတွင် နှစ်ရက်ပို့ချပြီးစီးပါက ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ်များမှ ဆရာ ဆရာမများကို အင်္ဂလိပ်စာသင်ကြားရေး အရည်အသွေး မြင့်မားတိုးတက်စေရန် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရေစကြိုမြို့နယ်တွင် မိုးကောင်းပြီး ဆည်ရေအလုံအလောက်ရသဖြင့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်း

**ရေစကြို စက်တင်ဘာ ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် စက်တင်ဘာလအတွင်း မိုးကောင်းခဲ့သဖြင့် မြို့နယ်အတွင်း ဆည်များနှင့် ရေကန်များတွင် မိုးရေလုံလောက်စွာရရှိခဲ့ကာ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



ရေစကြိုမြို့နယ် လယ်ယာများအတွက် အားထားရသော ရွှေချောင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း

ရေစကြိုမြို့နယ်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလက မိုးရွာရက် ခြောက်ရက်ရှိ၍ မိုးရေချိန်လက်မ ၈ ဒသမ ၅၀ ရှိခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် မိုးရွာရက် ၁၂ ရက်ရှိကာ မိုးရေချိန်လက်မ ၆ ဒသမ ၆၀ ရှိသည်ဟုသိရသည်။ ယခုနှစ် စက်တင်ဘာလတွင် မိုးရွာရက်မှာ သုံးရက်သာရှိသေးသော်လည်း စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်အတွင်း မိုးရေချိန် ငါးလက်မအထိ ထူးထူးခြားခြား ရွာသွန်းခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင်လည်း ၆ ဒသမ ၇၅ လက်မအထိ ရွာသွန်းခဲ့သည်ဟု သိရသည်။ ထို့ကြောင့် ရေစကြိုမြို့နယ်အတွင်းရှိ ဆည်ကြီးများနှင့် ဆည်ငယ်၊ ကန်ငယ်များသို့ မိုးရေအလုံအလောက်ဝင်ရောက်ခဲ့သဖြင့် ဆည်ရေသောက် မိုးစပါးစိုက်ခင်းများ ကောင်းမွန်စွာ ရှင်သန်ဖြစ်ထွန်းနေခြင်းဖြစ်သည်။

ထို့အပြင် ရေစကြိုမြို့အတွင်းရှိ လျှပ်စစ်မြစ်ရေတင် ခုနစ်ခုမှလည်း စပါးစိုက်ခင်းများကို ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်လျက်ရှိကြောင်း သိရသည်။ စက်တင်ဘာ ၃ ရက်က ရေစကြိုမြို့၏ ချင်းတွင်းမြစ်ရေမှတ်သည် ၂၉ ပေအထိ မြင့်တက်ခဲ့ပြီး ရွှေချောင်းလျှပ်စစ်မြစ်ရေတင်မှ မြစ်ရေတင်သောက် ညောင်စောက်ကွင်းအတွင်းရှိ မြစ်ကမ်းပါးနှင့်နီးကပ်သည့် စပါးစိုက်ဧကများအတွင်းသို့ ရေမြောင်းဟောင်းမှတစ်ဆင့် မြစ်ရေများဝင်ရောက်ခဲ့သဖြင့် စပါးပင်များ သုံးရက်ခန့် မြစ်ရေနစ်ခဲ့သော်လည်း ယခုအချိန်တွင်စပါးပင်များ ကောင်းမွန်စွာ ရှင်သန်လျက်ရှိပြီး စပါးပင်သက်တမ်းတစ်လကျော်ခန့်ရှိပြီဖြစ်သည်ဟု သိရသည်။

ရေစကြိုမြို့နယ်အတွင်းမှ စပါးစိုက်တောင်သူများသည် မိုးစပါးစိုက်ပျိုးကြရာတွင် စိုက်ခင်း၏ မြေအနေအထားနှင့် စိုက်ပျိုးရေရရှိမှုပေါ် မူတည်၍ မနောသုခ၊ ဆင်းသုခ၊ ပခန်းရွှေဝါ၊ ပုလဲသွယ်စပါးစသည်တို့ကို သင့်လျော်သလို စိုက်ပျိုးကြသည်ဟု သိရသည်။ မြေဩဇာရမ်းစိုက်ပျိုးကြသူများအနေဖြင့် မြေပိုင်ရှင်အားမြေဩဇာရမ်းခအဖြစ် ရရှိသည့် သီးနှံ၏ သုံးပုံတစ်ပုံ ဝေစုပေးကြရသဖြင့် တင်း ၁၀၀ ကျော်အထိ အထူးအထွက်တိုးသည့် ပုလဲသွယ်မျိုးကိုသာ စိုက်ပျိုးကြသည်ဟု သိရသည်။

ထို့ကြောင့် ရေစကြိုမြို့နယ်ရှိ ယခုနှစ်မိုးစပါး စိုက်ဧကများတွင် ထူးထူးခြားခြား စပါးဖျက်ပိုးမွှား ကျရောက်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့မရှိပါက ရေစကြိုတစ်မြို့နယ်လုံး မိုးစပါးများအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**အိမ့်နှန်းဆွေ(ရေစကြို)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ကျောက်ဖြူ ဓာတ်အားပေးစက်ရုံတွင် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် Type-E (79'x51') တစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၀-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃စ/၉၁၄၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၄၆၁၀၉ ZHINENG 110ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုဝေလွင် ၇/မလန(နိုင်)၀၉၉၉၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သာယာဝတီ)**



**ရောင်းရန်ကြော်ငြာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၄၉**

ဦးသိန်းလှိုင် **နှင့်** ဒေါ်နီလာစိုး
**ဒီကရီရသူ (တရားနိုင်)** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ ၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ် -၅၈၏ ၁၅-၇-၂၀၁၃ ရက်စွဲပါ အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းကို ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၃ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) နံနက် ၁၀:၀၀နာရီတွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံစွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်နှင့်သော်လည်းကောင်း လေလံစွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်ပါသည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ အောင်သာဝတီလမ်း၊ အမှတ် (၂၁၇/ခ)အကျယ်အဝန်း ပေ (၂၀×၆၀)ရှိ သွပ်မိုးပျဉ်ထောင်တစ်ထပ်အိမ်တစ်လုံးနှင့် ယင်းမြေပေါ်ရှိ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေးကျပ်သိန်း (၁၁၀) (ကျပ်သိန်းတစ်ရာ့တစ်ဆယ်တိတိ)

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်က တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူကအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**ဦးအောင်သန်းဝင်း(တ/၂၂၀၆)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မော်လမြိုင်-ချောင်းဆုံ ၆၆ ကေဗွီ ဓာတ်အားလိုင်း၏ သံလွင်မြစ်ကျော် ဓာတ်အားလိုင်းအတွက် လိုအပ်သော ဓာတ်အားလိုင်း ကြိုးဆွဲပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 4c/9196၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ်4c/6901၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



နိုင်ငံတော်အစိုးရက ကချင်ပြည်နယ်အတွက် ဗန်းမော်ခရိုင်၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ဧရာဝတီတံတား (စင်းခန်း)ကို တွေ့ရစဉ်။

# မေခ မေလိခ မြစ်နှစ်သွယ်နဲ့ချစ်စဖွယ် ကချင်ပြည်နယ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

ကချင်ပြည်နယ်သည် မြန်မာပြည်မြောက်ဖျား၌ တည်ရှိပြီး ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီး၊ အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။ ထို့အပြင် ပူတာအိုရှိ အမြင့်ပေ ၁၉၀၀၀ ရှိ ခါကာဘိုရာဇီတောင်ကြီးနှင့် နှင်းဖုံးရေခဲတောင်တန်းများလည်း ရှိ၍ ထိုတောင်တန်းများကြားမှ မြစ်ဖျားခံခဲ့သော မေခမေလိခမြစ်နှစ်သွယ်သည် မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၅ မိုင်အကွာ ကရိန်နော်ဒေသဝန်းကျင်တွင် ပေါင်းဆုံ၍ ဧရာဝတီမြစ်ဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းကို ဖြတ်သန်းရစ်ခွေစီးဆင်းလျက်ရှိသည်။ မြို့တော်မှာမြစ်ကြီးနားဖြစ်၍ အဓိက စီးပွားရေးလုပ်ငန်းသည် တောင်ယာလုပ်ငန်းဖြစ်ပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နေ

မင်းမင်းဇော် (သတင်းစဉ်)

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-

**မေး ။ ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနဟာ ပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင်ငါးခု၊ မြို့နယ် ၁၇ ခု၊ ခုတင် ၂၀၀ ဆံ့ဆေးရုံတစ်ရုံ၊ ခုတင် ၁၀၀ဆံ့ဆေးရုံလေးရုံ၊ ခုတင် ၅၀ ဆံ့ဆေးရုံ သုံးရုံ၊ ၂၅ ခုတင်ဆံ့ဆေးရုံ ကိုးရုံ၊ ၁၆ ခုတင်ဆံ့ဆေးရုံ ၃၅ ရုံ၊ ဒေသန္တရကျန်းမာရေးဌာန တစ်ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန ၁၈ ခု၊ ကျောင်းကျန်းမာရေးအဖွဲ့လေးဖွဲ့၊ ကျေးလက်ကျန်းမာရေးဌာန ၁၁၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၂၃ ခုမှာ အထူးကုဆရာဝန်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

# ရှုံး/ထွက် ဗိုလ်လုပွဲ ယနေ့ကစားမည်

MFF Cup ရှုံး/ထွက် ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်(ယနေ့)တွင် ကျင်းပသွားမည်ဖြစ်ပြီး ဧရာဝတီအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ဗိုလ်လုပွဲကို ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အထူးတန်းငွေကျပ်တစ်ထောင်၊ ရိုးရိုးတန်းငွေကျပ်ငါးရာ သတ်မှတ်ထားသည်။

ဧရာဝတီအသင်းမှာ ယခုပြိုင်ပွဲတွင် တတိယအဆင့်မှ စတင်ကစားခဲ့ရပြီး တတိယအဆင့်တွင် ဇေယျာရွှေမြေအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်တွင် ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆီမီးဖိုင်နယ်တွင် ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိလာခြင်းဖြစ်သည်။ နေပြည်တော်အသင်းမှာမူ ကွာတားအဆင့်မှ စတင်ကစားခဲ့ရသလို နှစ်ပွဲစလုံးပယ်နယ်တီအဆုံးအဖြတ်များတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နေပြည်တော်အသင်းမှာကွာတားဖိုင်နယ်တွင် မကွေးအသင်း ၊ ဆီမီးဖိုင်နယ်တွင် ချင်း ယူနိုက်တက်အသင်းကို ကျော်ဖြတ်လာခြင်းဖြစ်သည်။

MFF Cup ရှုံး/ထွက် ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်မှစတင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ကျင်းပပြီးစီးခဲ့သည့်

စာမျက်နှာ ၉ ကော်လံ ၆ ❍

သတင်း- ဖိုးသော်ဇင်
ဓာတ်ပုံ- စိုးညွန့်



ဗိုလ်လုပွဲတက်ရောက်လာသော ဧရာဝတီအသင်းအား တွေ့ရစဉ်။

ယနေ့ မာတိကာ

ဂိုနီ၌ အီဘိုလာတိုက်ဖျက်ရေး ပြုလုပ်နေသည့် ကျန်းမာရေးအဖွဲ့ဝင် ရှစ်ဦးအသတ်ခံရ စာ-၄
ဥပစာအသုံးများ - ၅ ဆောင်းပါး စာ-၆
မိုးသည်းထန်စွာရွာသွန်း၍ တောင်ပြိုမှုဖြစ်ပွား စာ-၁၀
ကလေးမြို့ လျှပ်စစ်မီး သုံးစွဲသူများလျှပ်စစ်ဓာတ်အား ပိုမိုရရှိပြီ စာ-၁၂
စီရီနယ်ဒိုအား မန်ယူပြန်ခေါ် ဖွယ်ရှိ စာ-၁၃


ကြော်ငြာအချပ်ပို
လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS

ချောင်းဆိုးနေလို
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
သောက်ချင်ရင် .....
ရွှေမြန်မာ ®
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။
ဝယ်ရန် - အမှတ်(၁၀၉)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 095010074,0973082461 , 0973082462

တစ်ဒါတ်ဝယ်ရင်ဗိုလ်ပေးပါတယ်
095 095 095, ☎ 01-681326
09 730 77722, ☎ 01-682944




## အမည်ပြောင်း

[illegible]

## အမည်မှန်

ဦးစိုးမြင့်-ဒေါ်မာခင်တို့၏သမီး ရေဦးမြို့ အထက (၁) နဝမတန်း(H) မှ မခင်သန်းဝင်း၏ အမည်မှန်မှာ မခင်သန်းဝေ ဖြစ်ပါကြောင်း။

**မခင်သန်းဝေ**

## FAME Nature A®

Carotenoid complex

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## FAME Completec®

Complete antioxidant supplement

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊အထက(၂) တက္ကသိုလ်ဝင်တန်း(G)မှ မောင်ကျော်မိုး၏ ဖခင်အမည်မှန်မှာ ဦးဘသန်း ဖြစ်ပါကြောင်း။

**ဦးဘသန်း**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အေးသာယာ အထက တက္ကသိုလ်ဝင်တန်း(B)မှ မခက်ငုံဖူး၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးဦး ၁၃/ရစန(နိုင်)၀၀၂၂၄၅ ဖြစ်ပါကြောင်း။

## ပြည်လမ်းမြေနီကုန်းအနီး ဘိုးဘွားပိုင်မြေ ရောင်းမည်

→ မြေအကျယ် ၀.၁၈၄ ဧက
→ 2 RC ( 40′ * 50′ )
→ ဈေးနှုန်း သိန်း ၂၇၅၀၀

09-511 56 22, 09-5159584

## ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ် [illegible] LL.B, D.B.L, D.M.L    ဒေါ် [illegible] LL.B, D.B.L, D.M.L, D.I.L

မင်းမဟာ [illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၈င/၈၉၉၃ ရှမ်းစတား ဂျစ် ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၃/တကန(နိုင်)၀၈၃၀၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (တောင်ကြီးမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁၀ယ/၅၆၃၆၃ Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၈/မလန(နိုင်)၀၀၄၇၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (မကွေး)**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

[illegible] MOE LWIN SERVICES CO.,LTD [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

(LL.B)

MAC TOWER [illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## အမည်မှန်

[illegible]

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့နယ်၊အထက(၂) တက္ကသိုလ်ဝင်တန်း(က)မှ နော်လွင်မေဦး၏ဖခင် ဦးဝင်းသိန်းနှင့် စောဝင်းသိန်း ၁၄/ကလန(နိုင်) ၀၃၈၈၃၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းသိန်း(ခ)စောဝင်းသိန်း**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

[illegible]

ရွှေရစ်လှော
SILK & FASHION DESIGN

[illegible] Fashion Design [illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

(LL.B)

MAC TOWER [illegible]

## ပျိုမေတို့တစ်တွေ

အသားအရေ ဝါဝါဝင်း နဂိုရည်ထက် ပိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့ ကေမ္မာမှ နနွင်းလုံး ကို အစဉ်သုံးပါ

[illegible] - 1010YR001475

[illegible]

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
မြေတိုင်းရပ်ကွက်(၄၆)ရပ်ကွက်၊ မိုးမခ ၄လမ်း၊ မြေကွက်အမှတ် ၁၁၀၈
မြေအကျယ်အဝန်း ပေ(၄၁×၆၀)၊ စတုရန်းပေ ၂၄၆၀၊ ဧရိယာ ၀.၀၅၆၅ ဧကရှိ
နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်
အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကန့်ကွက်နိုင်ပါကြောင်း

## အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ အိမ်မြေသည် ဒေါ်အုံးကြည် ၁၂/ဒပန(နိုင်)၀၁၆၀၇၃၊ CM-၀၁၃၇၈၇ အမည်ပေါက်ဖြစ်ပြီး ၎င်းအိမ်မြေအား အမည်ပေါက်ပိုင်ရှင် ဒေါ်အုံးကြည်ထံမှ အစဉ်အဆက် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရီရီမြင့် ၁၂/မရက(နိုင်)၀၅၃၈၅၆ထံမှ ကျွန်ုပ်၏မိတ် ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း(LL.B) အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

## မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝိဗဟိတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနရိန္ဒာဘိဝံသ (မွှာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဗေယျသုခ သုံးထပ်ကျောင်းတိုက်ကြီး အား ဆောက်လုပ်လျက်ရှိရာ ဒုတိယထပ် ကြမ်းခင်းစလက်(SLAB) လောင်းပြီးဖြစ်၍ တတိယထပ် အမိုးမိုးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆုရှင်ဘုရား ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်ထောင်ကျပ် ပေါင်း(၂၀,၀၀၀)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်းအောက်ပါအတိုင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနရိန္ဒာဘိဝံသ၊ မဟာဗေယျသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁ - ၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၃၆ ၇၅၂ ၉၇၇၊ unarinda08@gmail.com

| | |
|---|---|
| ၂။ ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။ | ၀၁ - ၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄ |
| ၃။ ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။ | ၀၁ - ၂၉၆၄၄၆၊ ၀၉ - ၅၀၁၃၅၂၂ |
| ၄။ ဒေါ်မေသူမောင်၊ မေသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်။ | ၀၉ - ၅၁၉၂၄၄၈၊ ၀၉ - ၇၃၂၄၁၆၈၇၊ ၀၉ - ၅၀၁၂၄၇၀ |
| ၅။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။ | ၀၁ - ၅၃၂၀၈၆၊ ၀၉ - ၅၁၁၃၄၀၄၄၊ ၀၉ - ၅၁၈၈၃၇၆ |
| ၆။ ဒေါ်နှင်းဝေ၊ ရွှေမိုးဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။ | ၀၁ - ၅၄၆၈၂၀၊ ၀၉ - ၅၀၂၁၁၉၂ |
| ၇။ ကိုးကိုးရတနာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။ | ၀၁ - ၅၀၃၉၂၅၊ ၀၁ - ၅၂၇၅၃၉ |
| ၈။ ဒေါ်တင်မိုးအေး၊ ကျော်ကျော်ကားပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။ | ၀၂ - ၅၁၅၄၀၅၀၊ ၀၉ - ၅၁၁၆၈၀၄ |

### ကန့်ကွက်နိုင်ပါကြောင်း

[illegible]

### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၈-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၄)တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် သာကေတမြို့နယ်၊ ဦးတင်မောင်မြင့်+၃၏ ပိုင်ဆိုင်မြေပုံကူး၌ မြေတိုင်းရပ်ကွက် အမှတ်-၃ အစား- ၃/မာန်ပြေဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဗုဒ္ဓဂယာခြေမြတ်နိုးမဟာစေတီ ...မြန်မာ့ကျောင်းတိုက်ကြီး၏ ကျောင်းဆောင်သစ်ရေစက်ချမင်္ဂလာအခမ်းအနားနှင့် တရားတော်နာယူကြရန်ဖိတ်ကြားခြင်း

[illegible] ... ( ၅ ) ထပ်ကျောင်းဆောင်သစ်ကြီးသည် ယခုနှစ် ( ၂၀၁၄ ) ... ( ၂ ) ... ဆောက်လုပ်ပြီးစီးပြီဖြစ်ပါသည်။

ကျောင်းဆောင်သစ်ကြီးကို ... ( ၅. ၁၂. ၂၀၁၄ ) ရက်နေ့ ညနေ ( ၆း၃၀ ) နာရီ ... ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

[illegible]

| | |
|---|---|
| မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူး၊ ဆောင်ရွက်အဖွဲ့ | ဖုန်း-၀၁- ၂၉၆၄၄၆၊ ၀၁- ၃၉၉၄၈၈၉၊ ၀၉-၅၀၁၃၅၂၂ |
| ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူး၊ ဆောင်ရွက်အဖွဲ့ | ဖုန်း-၀၁-၆၅၅၅၂၀၊ ၀၉-၅၈၀၀၁၂၀၊ ၀၉-၅၁၂၂၂၉၈ |
| ရွှေမဟာဗုဒ္ဓဂယာဘုရားဖူး၊ ဆောင်ရွက်အဖွဲ့ | ဖုန်း-၀၁-၅၃၂၀၈၆၊ ၀၉-၅၁၈၈၃၇၆ |
| မေသူမောင်ဗုဒ္ဓဂယာဘုရားဖူး၊ ဆောင်ရွက်အဖွဲ့ | ဖုန်း-၀၉-၅၁၉၂၄၄၈၊ ၀၉-၇၃၂၄၁၆၈၇ |

## အမျိုးသမီးကင်ဆာကာကွယ်ရေး အထိမ်းအမှတ်အခမ်းအနားပြုလုပ်မည်

အမျိုးသမီးကင်ဆာကာကွယ်ရေး အထိမ်းအမှတ်အနေဖြင့် ကျန်းမာရေး လှုပ်ရှားမှု နှင့်ပညာပေးဟောပြောခြင်းအခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်နေ့ တနင်္ဂနွေနေ့ မနက် (၈း၀၀) နာရီမှ (၁၂း၀၀) နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ သူနာပြုတက္ကသိုလ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

စိတ်ဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

ဆက်သွယ်စုံစမ်းရန်နှင့်စာရင်းပေးရန်

မအိအိခိုင် ( ၀၉၄၃၁၅၈၂၁၈ )၊ ကိုကျော်သက်နောင် ( ၀၉၂၅၆၁၄၄၈၃ )

ဒေါက်တာမြတ်နိုး (၀၉၂၅၀၉၁၈၄၃၀)

### ရွှေစင်ဒီမိဆောက်လုပ်ရေးမန်နေးဂျင်း ဦးမြင့်ရွှေ ဒေါ်ရွှေသခေါ်၊ ရွှေရှင်ဆိုင်သူ ဦးမိုဟာမက်ကာဆင်(ခ)ဦးအေးရွှေနှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်မိ (စဉ်-၄၆၉၂) အထက်တန်းရှေ့နေ ဦးချစ်ရွှေဦး (စဉ်-၃၆၈၂၀) တို့ သိစေရန် အကြောင်းပြန်ကြား အသိပေးကြေညာခြင်း

[illegible]

ဦးတင်မိုး (B.A., H.G.P) အထက်တန်းရှေ့နေ (စဉ်-...)
ဦးစော်မြင့်နိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-...)
ဒေါ်သီတာ... (LL.B) အထက်တန်းရှေ့နေ (စဉ်-...)

### ကန့်ကွက်နိုင်ပါကြောင်း

[illegible]

### ကန့်ကွက်နိုင်ပါကြောင်း

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

